CHERRY FOUNDATION

# MPs Support Center

WEEKLY Ethnic News Collection

# ကောက်နုတ်ထားသော သတင်းခေါင်းစဉ်များ

(No, 44. October, 2019)

၁။ အရပ်သားတွေကို စစ်တပ်က မြေမြုပ်မိုင်း ဖော်ခိုင်းလို့ တယောက်သေဆုံးတယ်လို့ဆို

၂။ ဟားခါးတွင် ယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ပထမဦးဆုံးအကြိမ် စာပေနှင့်ရိုးရာနေ့ ကျင်းပမည်

၃။ မတူပီမြို့မှ လူငယ် ၆ ဦးအား ထောင်ဒဏ် ၄ နှစ်ချ အသီးသီးချမှတ်ခြင်းအား ပြန်လည်ငဲ့ကြည့်ပေးရန် ဆန္ဒဖော်ထုတ်

၄။ RCSS အန်စီအေ ၄ နှစ်ပြည့်ပွဲ မတက်သည့်ကိစ္စ တပ်မတော်နှင့် မဆိုင်ဟု ကာချုပ်ရုံးထုတ်ပြန်

၅။ တီကျစ်ကျောက်မီးသွေးစက်ရုံ နှင့် မိုင်းတွင်းပိတ်သိမ်းရေးအတွက် တိုင်းရင်းသားပေါင်းစုံနှင့် တီကျစ်ဒေသခံ ၁၅၀၀ ကျော် ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်

၆။ ၂၀၂၀ ရွေးကောက်ပွဲ NLD အောင်နိုင်ရေး ပါတီထိပ်ပိုင်း ခေါင်းဆောင်၄ ဦး ဦးဆောင်မည်

၇။ NCA စာချုပ်အပေါ် တိုင်းရင်းသား အဖွဲ့များ မျှော်လင့်ချက် ရှိနေဆဲဟုဆို

၈။ တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ ရှမ်းပြည်နယ်တွင် စစ်ရာဇဝတ်မှု ကျူးလွန်ကြောင်း AI အစီရင်ခံစာ ဖော်ပြ

၉။ ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အပါအဝင် အချက် ၇ ချက်ကို လူထုအခြေပြု ကရင်အမျိုးသမီးများ တောင်းဆို

၁၀။ စတုတ္ထအကြိမ်မြောက် ကရင်အမျိုးသမီး နီးနှောဖလှယ်ပွဲ ၂ ရက်တာကျင်းပ

၁၁။ ကရင်အမျိုးသမီးရွာသူကြီးဟောင်းများ ဒုတိယအကြိမ် အတွေ့အကြုံဖလှယ်ပွဲပြုလုပ်ခဲ့

၁၂။ ဖမ်းဆီးထားသော မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦးလုံးကို ပြန်လွှတ်ပေးမည်ဟု AA တရားဝင်ထုတ်ဖော်ပြောဆို

၁၃။ ကရင်နီလူငယ် ၆ ဦးကို နိုဝင်ဘာ ၇ ရက်နေ့ တရားရုံးက အပြီးသတ်အမိန့်ချမှတ်မည်

၁၄။ မြန်မာစစ်တပ် တိုက်ခိုက်မှုကြောင့် KIO အထိမ်းအမှတ်နေ့ မကျင်းပ ရ

၁၅။ (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံသို့ သွားမည်

၁၆။ DKBA တပ်ရင်းမှူး လုပ်ကြံခံရမှု တရားခံကို စုံစမ်းနေဆဲဟုဆို

၁၇။ NCA လေးနှစ်ပြည့်အခမ်းအနား RCSS မတက်ရောက်နိုင်ခြင်းအပေါ် KNU ခေါင်းဆောင် ဝမ်းနည်းကြောင်းပြော

၁၈။ မွန်ပြည်သစ်ပါတီနှင့် KNU ပူးပေါင်း၍ လူထုရှင်းလင်းပွဲကျင်းပ

၁၉။ ရေးမြို့အနောက်ခြမ်း ဇာလိန်ဒေသတွင် မဂဒူးအဖွဲ့က မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဆောင်ရွက်

၂၀။ တပ်မတော်ထိုးစစ်ရပ်ပေးဖို့ မြောက်ပိုင်းမဟာမိတ် သုံးဖွဲ့ တောင်းဆို

၂၁။ ရခိုင်မြို့နယ် လေးခုမှာ တိုက်ပွဲပြင်းထန်၊ ဒေသခံတွေ ထွက်ပြေးနေရ

၂၂။ ၁၉၄၇ ပင်လုံနဲ့ ၂၁ ရာစု ပင်လုံ ကွာခြားတယ်လို့ တပ်ချုပ်ပြော

၂၃။ AA ပြန်လွှတ်ပေးတဲ့ ရေယာဉ်ပေါ်က ဝန်ထမ်းတွေကို ရဲက စစ်ဆေးနေ

၂၄။ ကျပ်သိန်းပေါင်း ၁၃၀၀ ကျော် ထိန်းချုပ်ဓာတု သျှမ်းမြောက်တွင် ထပ်မံ ဖမ်းမိ၊ တရားခံ စုံစမ်းဆဲ

၂၅။ ရွှာင်မြို့နယ် ဘုရားဖူး လိုက်ထရပ် ကားချောက်ထဲကျ ၁၆ ဦး သေဆုံး၊ ၁၀ ဦး ဒဏ်ရာရ

၂၆။ တီကျစ် အများပြည်သူနေရာတွင် ဓာတ်ပုံရိုက်သည့် သတင်းထောက်များ နှင့် MATA အဖွဲ့များ ဝိုင်းဝန်းပိတ်ဆို့ခံရ

၂၈။ ဂူတာပြင်ဖြစ်စဉ် စစ်ခုံရုံးနဲ့စီရင်ဖို့ စုံစမ်းရေးအဖွဲ့တင်ပြ

၂၉။ ကွတ်ခိုင်တွင် ကျောင်းထိုင်ဆရာတော် ၁ ပါး ရိုက်နှက်စစ်ဆေးခံရ
၃၀။ ဘားအံမှ ရေများ အမည်းရောင်ပြောင်းမှု စစ်တပ်ပိုင် ဘိလပ်မြေစက်ရုံမှ ကျောက်မီးသွေးကောင့် ဖြစ်နိုင်ဟု စစ်ဆေးချက်ရလဒ်များ ထွက်ပေါ်လာ
၃၁။ နိုင်ငံရေးပါတီများအပေါ် လူထုယုံကြည်မှုကျဆင်းလာကြောင်း PACE အဖွဲ့ စစ်တမ်းဖော်ပြ
၃၂။ နှစ်မကုန်ခင် မြောက်ပိုင်း ၄ ဖွဲ့နှင့် အပစ်ရပ်စာချုပ် လက်မှတ်ထိုးနိုင်ရေး အစိုးရ မျှော်လင့်

*************

## ၁။ အရပ်သားတွေကို စစ်တပ်က မြေမြှုပ်မိုင်း ဖော်ခိုင်းလို့ တယောက်သေဆုံးတယ်လို့ဆို

October, 30, 2019

ရခိုင်ပြည်နယ် မြောက်ဦးမြို့နားက ရွာတရွာအနီးမှာ မြေမြှုပ်မိုင်းထောင်ထားတာကို တပ်မတော်စစ်ကြောင်း တခုက တွေ့ခဲ့ပြီး အနီးအနားက အရပ်သား ၂ ယောက်ကို မိုင်းဖော်ခိုင်းတဲ့အတွက် တယောက်သေဆုံးပြီး တယောက် ဒဏ်ရာရ သွားခဲ့တယ်လို့ မျက်မြင်သက်သေတွေက ဘီဘီစီ ကို ပြောပါတယ်။

မြောက်ဦးမြို့ရဲ့ အရှေ့ဘက် တမိုင်အကွာလောက်မှာရှိတဲ့ ရွာဟောင်းတောကျေးရွာ တံတားအနီးမှာ အောက်တိုဘာလ ၃၀ ရက် မနက် ၈ နာရီလောက်က ဒီအဖြစ်အပျက် ဖြစ်ခဲ့တာလို့ပြောပါတယ်။

သူက "သူတို့ (ရောက်နေတဲ့နေရာ)နဲ့ မိုင်းရှိတဲ့နေရာနဲ့ နီးတယ်၊ ကျွန်တော်တို့က အနောက်နားကျတယ်၊ အဲဒါသူတို့ကို ခေါ်ပြီး မိုင်းဖော်ခိုင်းတာ" တို့ ပြောပါတယ်။

ဖော်ခိုင်းတဲ့သူတွေက မငြင်းဘူးလားလို့ ဆိုတဲ့ အမေးကိုတော့ စစ်တပ်က တပ်ကြပ်က အဲဒီလူတွေကို "ခင်ဗျားတို့ ဒါတွေ လုပ်လည်းလုပ်တတ်တယ်၊ ဖော်လည်းဖော်တတ်တယ်၊ ဖော်ခိုင်းရင်ဖော်၊ မဖော်ရင် ပစ်သတ်မယ်" လို့ စွပ်စွဲခြိမ်းခြောက်တာ တွေ ကြားရတယ်လို့သူက ဖြေပါတယ်။

ဒဏ်ရာတွေရသွားသူကတော့ ကျောက်တော်မြို့နယ် ပီချောင်း လင့်စင်ရွာသစ်ကဖြစ်ပြီး လေးမြို့ချောင်းမှာ ကျောက်သွား ကောက်နေတဲ့သူ ဖြစ်တယ်လို့ သူကပြောပါတယ်။

ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင် နေရာတွေမှာ အခုရက်ပိုင်းအတွင်း မြန်မာ့တပ်မတော်နဲ့ ရခိုင့် တပ်တော် အေအေတို့အကြား တိုက်ပွဲတွေ ဖြစ်ပွားနေကြပါတယ်။ https://www.bbc.com/burmese/burma-50237334

************

## ၂။ ဟားခါးတွင် ယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ပထမဦးဆုံးအကြိမ် စာပေနှင့်ရိုးရာနေ့ ကျင်းပမည်

October 25, 2019 ချင်းပြည်နယ် ဟားခါးမြို့တွင် ယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ဟားခါးတက္ကသိုလ်ကျောင်းသားများ အဖွဲ့အစည်း (HUSO) မှ ဦးဆောင်ပြီး ပထမဆုံးအကြိမ်အဖြစ် “စာပေနှင့်ရိုးရာနေ့” ကို နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပ မည်ဖြစ် ကြောင်းသိရသည်။

"ယင်းပြိုင်ပွဲအတွက် ဟားခါးမြို့မှာရှိတဲ့ရပ်ကွက် အားလုံးပေါင်းပြီး ရက်ကွက်ကြီး ၆ ရပ်ကွပ်ခွဲပြီး အကတွေကို ပြိုင်နိုင်းမှာ ဖြစ်တယ်၊ ဝါးညှပ် အက တစ်ခုစီရယ် တခြားရိုးရာ အက ၁ ခုစီ ပြိုင်ကြရမှာဖြစ်တယ်" ဟုHUSO ဥက္ကဋ္ဌ ဆလိုင်း ကြာကမ်းမှ ပြောသည်။

ဟားခါးမြို့ရှိရပ်ကွက်များကို Vaurawng အုပ်စု၊ Senri အုပ်စု ၊ Phaizawng အုပ်စု၊Bingbir အုပ်စု ၊ Chokhlei အုပ်စု ၊Dingdi အုပ်စု စသည့်အုပ်စုများအဖြစ် အုပ်စုအလိုက်ခွဲကာ ပြိုင်ပွဲများယှဉ်ပြိုင်ရမည် ဖြစ်ကြောင်းသိရသည်။

ယင်းပြိုင်ပွဲတွင် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲများ၊ကဗျာရွတ်ပွဲများ၊ချင်းရိုးရာ အကပြိုင်ပွဲများနှင့် အခြားအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ယင်း ပြိုင်ပွဲတွင် ကဗျာရွတ်ပြိုင်ပွဲများ နှင့် ချင်းရိုးရာအက အမျိုးစားများဖြစ်သည့် Rualzapum၊Kokek၊Kamlo Chunchai Conglai Zonh ၊Pa Sawm Rel နဲ့ Sunpar ၊စသည့် အကများဖြင့် ပြိုင်ပွဲဝင်ကြရမည် ဖြစ်ကြောင်းလည်းသိရသည်။ https://www.chinworld.org/2019/10/25/hakha-huso/

**************

## ၃။ မတူပီမြို့မှ လူငယ် ၆ ဦးအား ထောင်ဒဏ် ၄ နှစ်ခွဲ အသီးသီးချမှတ်ခြင်းအား ပြန်လည်ငဲ့ကြာပေးရန် ဆန္ဒဖော်ထုတ်

October, 29, 2019

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် ချင်းအမျိုးသားနေ့တွင် ဖြစ်ပွားခဲ့သည့် ခိုက်ရန်ဖြစ်ပွားမှုကြောင့်ဟုဆိုကာ ထောင်ဒဏ် ၄ နှစ်ခွဲစီ ချမှတ်ခံရသည့် လူငယ် ၆ ဦး၏အမှုအား ပြန်လည်ငဲ့ကြာပေးရန် မတူပီမြို့ဒေသခံ ၄၀၀ ခန့်မှ ယနေ့ အောက်တိုဘာ ၂၉ ရက်မနက်ပိုင်းတွင် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်းသိရသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် သားသမီး ဘဝများငြိမ်းချမ်းရေး၊ လူငယ်များ ဘဝငြိမ်းချမ်းရေး၊ တိုင်းရင်းဒေသများငြိမ်းချမ်းရေး၊ ပြည်သူများဘဝငြိမ်းချမ်းရေး စသည့်ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြပြီး အခင်းဖြစ်သည့်နေရာသို့ လုံးဝမရောက်သည့် ပြစ်ဒဏ်ချခံရသူအား လွှတ်ပေးပါ၊ ထောင်ချခံရသည့်ထဲတွင်ပါဝင်သည့် တက္ကသိုလ်ကျောင်းသားနှစ်ဦးအား ပညာပြီးဆုံးတိုင် သင်ကြားနိုင်ရန် ထောက်ထားငဲ့ညှာပေးပါ စသည့် ပိုစတာများကိုလည်း ကိုင်ဆောင် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်းသိရသည်။

"ကျနော်တို့ ဒီနေ့ဆန္ဒပြတဲ့အပေါ်မှာ ကျနော်ကတော့ ကျေနပ်တယ်၊ ရဲမှူးကိုလည်း ကျနော်ပြောဖူးတယ်၊ အခင်းဖြစ်တဲ့နေရာမှာ မရောက်တဲ့သူတွေကို ဖမ်းတာက တရားရေးမဏ္ဍိုင်ယိုင်နဲ့တာကြောင့်လို့ ပြောလို့ရတယ်၊ အဒီဟာကို ပြောရရင် တစ်စုံတစ်ဦးဟာ ဥပဒေအထက်မှာရှိတယ်ဆိုတာကို ဖော်ထုတ်ချင်တာပေါ့၊ ဒီအစိုးရတက်လာတုန်းကလည်း တရားဥပဒေစိုးမိုးရေးဆိုပြီး ကြွေးကြော်ခဲ့ကြတယ်၊ မတူပီမြို့နယ်မှာတော့ တရားဥပဒေစိုးမိုးမှုမရှိလို့ ကျနော်တို့လူငယ်တွေ ခံရတယ်လို့ ယူဆလို့ရတယ်၊ ချင်းအမျိုးသားနေ့အခမ်းအနား လုပ်တုန်းကဆိုရင်လည်း ရဲတွေကိုယ်တိုင်က အရက်မူးကြတယ်၊ အောက်ခြေက ရဲဝန်ထမ်းတစ်ချို့ရဲ့ ပြုမှုပုံကလည်း အဆင်မပြေဘူး၊ အဲဒါကိုထောက်ပြချင်တာလည်းပါပါတယ်" ဟု ဆန္ဒပြမှုတွင် ပါဝင်သူ ဆလိုင်းထန်းကီးမှ ပြောသည်။

လူငယ်ခြောက်ဦး ထောင်ဒဏ်ချခံရခြင်းနှင့်ပတ်သတ်ပြီး မတူပီမြို့မရဲစခန်းမှူးအား ချင်းဝေါလ် သတင်းဌာနမှ ဆက်သွယ်မေးမြန်းသော်လည်း ယခင်ရဲမှူးလက်ထက်တွင် ဖြစ်ပွားသည့် ဖြစ်စဉ်ဖြစ်သဖြင့် ၄င်းအနေဖြင့် ဘာမှမသိရှိသဖြင့် မဖြေကြားလိုကြောင်း ပြောသည်။ https://www.chinworld.org/2019/10/29/matupi-youth-2/

## ၄။ RCSS အန်စီအေ ၄ နှစ်ပြည့်ပွဲ မတက်သည့်ကိစ္စ တပ်မတော်နှင့် မဆိုင်ဟု ကာချုပ်ရုံးထုတ်ပြန်

October, 30, 2019

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) အနေနဲ့ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (အန်စီအေ) ၄ နှစ်အပြည့် အခမ်းအနား မတက်ရောက်ခဲ့တာဟာ တပ်မတော်နဲ့ မဆိုင်ဘူးလို့ တပ်မတော်သတင်းမှန်ပြန်ကြား ရေးအဖွဲ့က ထုတ်ပြန်ပါတယ်။

အောက်တိုဘာ ၂၈ ရက်က နေပြည်တော်မှာ လုပ်တဲ့ အန်စီအေ ၄ နှစ်ပြည့်ပွဲကို RCSS/SSA ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ်နဲ့ ကိုယ်စားလှယ်အဖွဲ့ မတက်ရောက်ရတာဟာ တပ်မတော်က လက်တွဲကူညီတာမရှိတဲ့အပြင် ခရီးစဉ်ကို ပိတ်ပင်တားဆီးခဲ့လို့ ဖြစ်တယ်လို့ RCSS/SSA ဘက်က ပြောထားတာပါ။

ဒီကိစ္စတပ်မတော်က ဖြေရှင်းထုတ်ပြန်ရာမှာတော့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေဟာ အောက်တိုဘာလ ၂၅ ရက်က ဟိုမိန်း- လင်းခေး- မိုးနဲ- နမ့်စန်- လွိုင်လင်- တောင်ကြီး- နေပြည်တော် လမ်းကြောင်းအတိုင်း မော်တော်ယာဉ်နဲ့ လာရောက်မှာဖြစ်လို့ လုံခြုံရေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးဖို့အတွက် နိုင်ငံတော်သမ္မတရုံးကနေ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)ကို အကြောင်းကြားတဲ့စာကို အောက်တိုဘာ ၂၄ ရက်မှ အချိန်နီးကပ်ပြီး လက်ခံ ရခဲ့ တယ်လို့ ဆိုပါတယ်။

RCSS/SSA ရဲ့ ထုတ်ပြန်ချက်မှာတော့ ဒီလိုလာမယ်ဆိုတာကို အောက်တိုဘာ ၁၈ ရက်မှာ ဦးဇော်ဌေးကိုပြောခဲ့သလို အောက်တိုဘာ ၂၃ ရက်မှာလည်း ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (NRPC) ကို တရားဝင် အကြောင်းကြားထားခဲ့တယ်လို့ ဆိုပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း နှစ်ပတ်လည်ပွဲကို တက်ရောက်လာကြသူ အားလုံးကို ငြိမ်းချမ်းသာယာမှုရှိကြဖို့ ဆန္ဒပြုကြောင်းပြောပြီး အကြောင်းအမျိုးမျိုးပြပြီး မတက်ရောက်လာတဲ့ အဖွဲ့တွေကလည်း သူတို့အကြောင်းနဲ့ သူတို့ပဲ ဖြစ်ပါ လိမ့်မယ်လို့ အဲဒီပွဲမှာ ပြောခဲ့ပါတယ်။ http://burmese.dvb.no/archives/354267

***************

## ၅။ တီကျစ်ကျောက်မီးသွေးစက်ရုံနှင့် မိုင်းတွင်းပိတ်သိမ်းရေးအတွက် တိုင်းရင်းသားပေါင်းစုံနှင့် တီကျစ်ဒေသခံ ၁၅၀၀ ကျော် ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်

October, 30, 2019

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအုပ်စု၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓါတ်အားပေးစက်ရုံ၊ Wuxi Hua Guang Co. Ltd နှင့် ကျောက်မီးသွေးမိုင်းတွင်းတို့ ရပ်တန့်ရေး၊ ပိတ်သိမ်းရေး အတွက် အောက်တိုဘာ ၃၀ ရက်တွင် ဒုတိယကြိမ်မြောက်အဖြစ် ဆန္ဒဖော်ထုတ်ပွဲကို တိုင်းရင်းသားပေါင်းစုံနှင့် တီကျစ်ဒေသခံ လူဦးရေ ၁၅၀၀ ကျော် ပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။

"အခုကတော့ E-Guard ရဲ့ အစီရင်ခံစာက ပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာမဟုတ်ဘူး။ နောက်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဦးစီးဌာနရဲ့ အများပြည်သူကနေပေးပို့မယ့် အကြံပြုချက်နောက်ဆုံးနေ့ရက် ဖြစ်တယ်။ တစ်ချိန်ထဲမှာပဲ တီကျစ်ကျောက်မီး သွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို နောက်ထပ် ၃ နှစ် သက်တမ်းတိုးလိုက်တယ်။ ဒါဟာရှမ်းပြည်နယ် အစိုးရကိုမေး

တော့လည်း တိတိကျကျ ဖြေကြားခြင်းမရှိဘူး။ စမ်းသပ်လည်ပတ်ခြင်းကို သက်တမ်းတိုးလိုက်တာ ဥပဒေနဲ့လည်း ညီညွတ်ခြင်းမရှိဘူး။ တိုင်းပြည်မှာ ဥပဒေတွေရှိတယ်။ လုပ်ထုံးလုပ်နည်းတွေရှိတယ်။ ဒါတွေက အစိုးရကိုယ်တိုင် ဥပဒေမဲ့ ပြုကျင့်နေတာ သိရှိအောင်လို့ လူထုကနေ လမ်းပေါ်ထွက်ပြီး လူထုလှုပ်ရှားမှုတစ်ရပ်ကို ပြုလုပ်ခြင်း ဖြစ်ပါတယ်” ဟု MATA အဖွဲ့မှ ဦးအောင်ကျော်မိုးက ပြောကြားသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် အသုံးပြုမည့် ပိုစတာနှင့် ဆိုင်းဘုတ်ပါ စာသားများမှာ (၁) E-Guard ကုမ္ပဏီမှ ပြုလုပ်ထားသော EIA အစီရင်ခံစာအလိုမရှိ၊ (၂) စမ်းသပ်လည်ပတ်ခွင့် သက်တမ်းတိုးခြင်းသည် ဥပဒေနှင့် မညီပါ၊ (၃) သဘာဝနှင့် လူမှုပတ်ဝန်းကျင် ထိခိုက်စေသော ကျောက်မီးသွေးသုံးစက်ရုံ နှင့် ကျောက်မီးသွေးမိုင်းအမြန်ပိတ်သိမ်းပါ၊ (၄) လူ့အခွင့်အရေးများချိုးဖောက်နေသော စီမံကိန်းများ ချက်ချင်းရပ်ပါ၊ (၅) ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုအတွက် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပါ၊ (၆) ကျွန်ုပ်တို့၏ ဘဝနှင့် အနာဂတ်ကိုမရောင်းစားပါနှင့်။ (၇) လေကောင်းလေသန့်နှင့် သန့်ရှင်းသောရေရရှိရေးသည် ကျွန်ုပ်တို့၏ အခြေခံရပိုင်ခွင့်ဖြစ်သည်၊ (၈) ဒေသနေတိုင်းရင်းသားများနှင့် ပြည်သူများသည် အစမ်းသပ်ခံ လူသားများမဟုတ်၊ (၉) သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးနေသောစီမံကိန်းများချက်ချင်းထွက်သွား၊ (၁၀) လူထုအားကာကွယ်ပေးသော အစိုးရကို ကျွန်ုပ်တို့အလိုရှိသည်။ (၁၁) ရှမ်း/ ကယန်း/ ကယား/ ကရင်/ ပအိုဝ်း/ ခနေ/ အင်းသားတို့၏ တိုင်းရင်းသားလူမျိုးစုများ၏ အလံများနှင့် No Coal စာတမ်းပါ နဖူးစီးများကိုလည်း ဝတ်ဆင်ခဲ့ကြောင်းသိရသည်။

တီကျစ်ဒေသတွင် ကျောက်မီးသွေး၊ မိုင်းတွင်းနှင့် စက်ရုံတို့မှ စွန့်ပစ်သော ပြာများကြောင့် လေထုနှင့် ရေထုညစ်ညမ်းပျက်စီးမှုများ ကြုံတွေ့နေရပြီး၊ ကျန်းမာရေးထိခိုက်မှုများစွာရှိနေကြောင်း၊ လူမှုဘဝထိခိုက်မှု၊ စီးပွားရေးလူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများစွာရှိနေခြင်း ဖြစ်ကောင်း MATA အဖွဲ့က နောက်ဆုံးလေ့လာတွေ့ရှိချက်များကိုလည်း ထုတ်ပြန်ထားပြီး ဖြစ်သည်။ https://news-eleven.com/article/142901

**************

## ၆။ ၂၀၂၀ ရွေးကောက်ပွဲ NLD အောင်နိုင်ရေး ပါတီထိပ်ပိုင်း ခေါင်းဆောင်၄ ဦး ဦးဆောင်မည်

October, 29, 2019

၂၀၂၀ အထွေထွေရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ပါတီထိပ်ပိုင်းခေါင်းဆောင် ၄ ဦးက အဓိက ဦးဆောင်သွားမည် ဖြစ်ကြောင်း အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ မျိုးညွန့်က ပြောသည်။
ဦးဆောင်မည့်သူ ၄ ဦးမှာ NLD ပါတီ ဒုဥက္ကဋ္ဌ -၂ ဒေါက်တာ ဇော်မြင့်မောင်(မန္တလေးတိုင်း ဝန်ကြီးချုပ်)၊ ဗဟို အလုပ်အမှုဆောင်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်နှင့် ဒေါက်တာအောင်မိုးညို(မကွေးတိုင်း ဝန်ကြီးချုပ်)တို့ ဖြစ်ကြသည်။
ဒေါက်တာ မျိုးညွန့်က “ဒုဥက္ကဋ္ဌ -၂ ရယ် အတွင်းရေးမှူး ၃ ဦးက ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို ဦးဆောင်သွားဖို့ဆိုပြီး ရည်ရွယ်ထုတ်ပြန် လိုက်တာ ဖြစ်ပါတယ်။ ပါတီလုပ်ငန်းတွေ သွက်လက် လျှင်မြန်ဖို့နဲ့ စည်းရုံးရေးလုပ်ငန်းတွေ တိုးချဲ့တာ အားလုံးက အောင်နိုင်ရေးအတွက် အကျိုးသက်ရောက်ပါတယ်။ ၂၀၂၀ အောင်နိုင်ရေး ကြိုတင် ပြင်ဆင်တဲ့ သဘောလည်း ပါပါတယ်။ ဒီ ၄ ဦးက အဓိက ဦးဆောင်သွားမှာပါ” ဟု ပြောသည်။
၂၀၂၀ ရွေးကောက်ပွဲတွင် ပြည်သူများ အနေဖြင့် ပါတီတခုတည်းကိုသာကြည့်ပြီး မဲပေးတော့မည် မဟုတ်သည့်အတွက် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ထောင်ကာ ဝမ်းစာပြည့်နေရန် လိုအပ်ကြောင်း ပါတီ ဒုဥက္ကဋ္ဌ-၂ ဒေါက်တာ ဇော်မြင့်မောင်က အောက်တိုဘာ ၂၄ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်၊ ပါတီ သုံးပွင့်ဆိုင် တွေ့ဆုံပွဲ၌ သတိပေးထားသည်။ https://burma.irrawaddy.com/news/2019/10/29/207227.html

## ၇။ NCA စာချုပ်အပေါ် တိုင်းရင်းသား အဖွဲ့များ မျှော်လင့်ချက် ရှိနေဆဲ ဟုဆို

October, 29, 2019

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင် လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား အဖွဲ့များက မျှော်လင့်ချက် ရှိနေဆဲ ဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက်က နေပြည်တော်တွင် ပြုလုပ်သည့် NCA ၄ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား၌ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက ပြောဆိုကြသည်။

ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) နာယက ဗိုလ်မှူးကြီး ခွန်ဥက္ကာ က "NCA လမ်းကြောင်းက မျှော်လင့်ချက် အများကြီး ရှိတယ်။ ဘာလို့လဲဆိုတော့ NCA လမ်းကြောင်းပျက်ရင် ငြိမ်းချမ်းရေးလည်းပျက်ပြီ" ဟု ပြောသည်။

NCA အပေါ် ခံယူထားသည့် နားလည်မှုလွဲသည့် အချက်များရှိနေသောကြောင့် လက်မှတ်ထိုးပြီးသား အဖွဲ့များက NCA အပေါ်ပို၍ တာဝန်ရှိသဖြင့် NCA တိုးတက်ဖြစ်ပေါ်လာရန်အတွက် လုပ်ပြနိုင်ရန်လိုအပ်ကြောင်းကိုလည်း ကရင်အမျိုးသား အစည်းအရုံး (KNU)မှ အထွေထွေ အတွင်းရေးမှူး ပဒိုစောတာဒိုမူး က မှတ်ချက်ပြုပြောဆိုသည်။

NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတခုတည်း မဟုတ်ဘဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မည်ကဲ့သို့ အကောင်အထည် ဖော်ဆောင်ရွက်ရမည် ဆိုသည်ကို တိတိကျကျ စာချုပ် ဖြစ်သကဲ့သို့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးကို မည်သည့်လမ်းကြောင်းမှ သွားမည်ဆိုသည်ကို တိတိကျကျ ဖော်ပြထားသည့် နိုင်ငံရေး လမ်းကြောင်း တခု ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

ချင်းအမျိုးသား တပ်ဦး (CNF) ဒု ဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း ကလည်း "NCA စာချုပ် အကောင်အထည် ဖော်မှုကို ကျနော်တို့ပြန်ပြီး သုံးသပ်မယ်။ ဖက်ဒရယ်မူ အခြေခံတွေကို ရအောင်ကြိုးစားမယ်။ ၂၀၂၀ အလွန်မှာလည်း ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ဆက်ပြီး ဆောင်ရွက်ဖို့ ကြိုးစားမယ်ဆိုတာ ပြင်ဆင်ထားတာ ရှိပါတယ်" ဟု ဆိုသည်။

ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU) ၊ မွန်ပြည်သစ်ပါတီ (NMSP) ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီ အကျိုးပြုကရင် တပ်မတော် (DKBA)၊ ချင်း အမျိုးသားတပ်ဦး (CNF) ၊ ကရင် အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေး ကောင်စီ) ( KNU/ KNLA- PC )၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး စသည့် ၉ ဖွဲ့ တက်ရောက်ခဲ့သည်။

လက်ရှိတွင် ကချင် လွတ်လပ်ရေးတပ် (KIO)၊ ပလောင် (တအန်း) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)၊ မြန်မာ အမျိုးသား ဒီမိုကရက်တစ်မဟာမိတ် တပ်မတော် (MNDAA)နှင့် ရက္ခိုင့်စစ်တပ်(AA)တို့ ပါဝင်သော မြောက်ပိုင်း မဟာမိတ်အဖွဲ့နှင့် နှစ်ဖက်အပစ်ရပ် သဘောတူညီချက်ရရန် အစိုးရက ကြိုးပမ်းနေသည်။ https://burma.irrawaddy.com/news/2019/10/29/207201.html

*************

## ၈။ တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ ရှမ်းပြည်နယ်တွင် စစ်ရာဇဝတ်မှု ကျူးလွန်ကြောင်း AI အစီရင်ခံစာ ဖော်ပြ

31, October, 2019

မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) သည် ရှမ်းပြည်မြောက်ပိုင်း ပဋိပက္ခအတွင်း စစ်ရာဇဝတ်မှုမြောက်သော လုပ်ရပ်များကို ကျူးလွန်နေကြောင်း ပြီးခဲ့သည့်အပတ်က ထုတ်ပြန်သည့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) အစီရင်ခံစာသစ်က စွပ်စွဲလိုက်သည်။

ထိုအစီရင်ခံစာသည် အငြင်းပွားဖွယ်ရာ ဖမ်းဆီးထိန်းသိမ်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အတင်းအကျပ် လုပ်အားခိုင်းစေမှု၊ အရပ်ဖက်နေရာများကို ပစ်မှတ်ထားခြင်း စသည့် အထောက်အထားများကို ဖော်ပြသည်။

အတိတ်ကပြစ်မှုများအတွက် မြန်မာ့တပ်မတော်က ကျူးလွန်သူများကို အရေးယူရန်နှင့် လက်ရှိဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန်အတွက် မြန်မာနိုင်ငံမှ ပဋိပက္ခကို နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) သို့ လွှဲပြောင်းပေးရန် AI က ထိုအစီရင်ခံစာတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တိုက်တွန်းသည်။

"မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အထိ စစ်ရာဇဝတ်မှုတွေအတွက် တာဝန်ရှိသူတွေဟာ တရားဥပဒေကို ရင်ဆိုင်သင့်တယ်" ဟု AI မှ အရှေ့နှင့် အရှေ့တောင်အာရှဆိုင်ရာ ဒါရိုက်တာ နစ်ကိုလပ်စ် ဘီကွီလင် က ပြောသည်။ "တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေက တိုက်ခိုက်ရေးသမားတွေနဲ့ တပ်မှူးတွေကိုလည်း စစ်ဆေးပြီး စစ်ရာဇဝတ်မှုအတွက် အရေးယူသင့်တယ်" ဟုလည်း သူက ပြောသည်။

အစီရင်ခံစာတွင် စွပ်စွဲခံရသည့် အဖွဲ့များအနက်တခုဖြစ်သော တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) ဗိုလ်မှူးချုပ် တာဘုန်းကျော်က မြန်မာတပ်မတော်သည် တအာင်းဒေသများတွင် အရပ်သားများကို သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ပေါ်တာအဖြစ် အတင်းအကျပ်စေခိုင်းခြင်း အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားကျူးလွန်ကြောင်း ဧရာဝတီသို့ပြောသည်။ https://burma.irrawaddy.com/news/2019/10/31/207372.html

*************

## ၉။ ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အပါအဝင် အချက် ၇ချက်ကို လူထုအခြေပြု ကရင်အမျိုးသမီးများ တောင်းဆို

October 28, 2019

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကာလတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လာမည့် ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍများ အပါအဝင် တောင်းဆိုချက် ၇ ချက်ကို လူထုအခြေပြု ကရင်အမျိုးသမီးများက စတုတ္ထအကြိမ်မြောက် ကရင်အမျိုးသမီးနီးနှောဖလှယ်ပွဲ ပြုလုပ်ကာ တောင်းဆိုလိုက်သည်။

မြန်မာနိုင်ငံ ဒေသအသီးသီးရှိ လူထုအခြေပြု ကရင်အမျိုးသမီး ကိုယ်စားလှယ်များ ပါဝင်သည့် နီးနှောဖလှယ်ပွဲကို အောက်တိုဘာလ ၂၅ရက်နှင့် ၂၆ရက်နေ့က ကရင်ပြည်နယ်၊ ဖားအံခရိုင် လေးဝါးနေရာ၌ ကျင်းပခဲ့ကြပြီး အောက်တိုဘာ ၂၈ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် မြန်မာနိုင်ငံ အစိုးရ၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့အား တောင်းဆိုထားခြင်းဖြစ်သည်။

၎င်းတောင်းဆိုထားချက်များနှင့်ပတ်သက်၍ နီးနောဖလှယ်ပွဲ၏ ပြောခွင့်ရသူတစ်ဦးဖြစ်သည့် နန်းအေးအေးသွယ်က "မြန်မာ့နိုင်ငံ ပြုပြင်ပြောင်းလဲရေး လုပ်တဲ့နေရာမှာ ဒီအချက်တွေကိုလည်း သတိနဲ့ထားပြီး ထည့်သွင်းစဉ်းစားစေချင်တဲ့အတွက် တောင်းဆိုတာ ဖြစ်တယ်။ တစ်ဖွဲ့ချင်းတောင်းဆိုတာထက် ဒီလိုစုပေါင်းပြီး တောင်းဆိုတာက ပိုထိရောက်တယ်လို့ ကျမ မြင်ပါတယ်။ အချို့ တောင်းဆိုတဲ့အချက်တွေကလည်း KNU ကိုယ်တိုင်ရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကရော အစိုးရကို တောင်းဆို ထားတာရှိပြီးသား။ ကျမတို့ကလည်း ဒီလိုထပ်ခါတလဲလဲ ထုတ်ပြန်ချက်ထုတ်ပြီး တောင်းဆိုမှ သက်ဆိုင်ရာအစိုးရတွေက သတိ ထားပြီးတော့ လုပ်ဆောင်ပေးမယ်လို့ ကျမတို့မျှော်လင့်တာပေါ့။" ဟု ကေအိုင်စီသို့ ပြောသည်။

'ကရင်လူမှုအသိုင်းအဝိုင်း ကောင်းမွန်လာစေရေးအတွက် လူထုအခြေပြု ကရင်အမျိုးသမီးများ၏ လုပ်ဆောင်မှုများ ပိုမိုအားကောင်းလာစေရန် တည်ဆောက်သွားမည်' ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပပြီးစီးခဲ့သော နီးနောဖလှယ်ပွဲ၏ ထုတ်ပြန်ကြေညာ ချက်တွင် တောင်းဆိုချက် ၇ ချက်ပါရှိသည်။

၎င်းတို့မှာ ၂၀၀၈ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကိုဖျက်သိမ်းပြီး ဒေသအသီးသီးရှိ မြေယာပြဿနာများကို ထိခိုက်နစ်နာမှုမရှိဘဲ ပိုင်းဝန်းဖြေရှင်းကြရန်၊ အမျိုးသမီးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ကျယ်ပြန့်စွာဆောင်ရွက်သွားရန်၊ ဒုက္ခသည်အရေးကို အလေးထား ဆောင်ရွက်ပေးရန်နှင့် နယ်စပ်ဖြတ်ကျော် အကူအညီများ ဆက်လက်ပံ့ပိုးပေးရန်၊ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကိုရေးဆွဲရန် တောင်းဆိုထားသည်။

နီးနောဖလှယ်ပွဲအပြီး နောက်တစ်ရက် အောက်တိုဘာလ ၂၇ရက်နေ့တွင် တက်ရောက်လာကြသည့် အမျိုးသမီးရွာသူကြီးမများ၏ ဆွေးနွေးဖလှယ်မှု(Women survivor Exchange)ကို ထပ်မံ ကျင်းပခဲ့ကြသည်။ ကရင်အမျိုးသမီးနီးနောဖလှယ်ပွဲကို ၂၀၁၄၊ ၂၀၁၆နှင့် ၂၀၁၈ခုနှစ်များတွင် သုံးကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ http://kicnews.org/2019/10/%e1%81%bf%e1%80%84%e1%80%ad%e1%80%99%e1%80%

***********

**၁၀။ စတုတ္ထအကြိမ်မြောက် ကရင်အမျိုးသမီး နီးနောဖလှယ်ပွဲ ၂ ရက်တာကျင်းပ**

October 26, 2019

ဒေသအသီးသီးရှိ ကရင်အမျိုးသမီးများပါဝင်သည့် စတုတ္ထအကြိမ်မြောက် ကရင်အမျိုးသမီးနီးနောဖလှယ်ပွဲကို အောက်တိုဘာလ ၂၅ ရက်မှ ၂၆ရက်နေ့အထိ ကရင်အမျိုးသားအစည်းအရုံး-KNU ဖားအံခရိုင်၊ လေးဝါးတွင် ၂ ရက်တာ ကျင်းပပြုလုပ်လျက်ရှိသည်။

ဒေသအသီးသီးရှိ ကရင်အမျိုးသမီးများ ကွန်ယက်တစ်ခုအနေဖြင့် ချိတ်ဆက်မှုပိုအားကောင်းလာစေရန်နှင့် အောက်ခြေအမျိုးသမီး အသံများ ပိုထွက်လာစေရန်အပြင် လက်ရှိနိုင်ငံရေးဖြစ်စဉ်အတွင်း ကရင်အမျိုးသမီးများ ပါဝင်လာမှုအခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်ဟု သိရသည်။

နီးနောဖလှယ်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင် နော်စေးစေးဟဲက "ဒီဆွေးနွေးကနေ အဓိက မျှော်လင့်ချက်က အောက်ခြေအမျိုးသမီးသံများပေါ်ထွက်ဖို့၊ အဓိကချိတ်ဆက်ဖို့ ပြီးတော့ ကျမတို့ ကရင်တွေက ကရင်ပြည်နယ်နဲ့ KNU ထိန်းချုပ်နယ်မြေထဲမှာပဲ မကဘူး။ တိုင်းနဲ့ပြည်နယ် အသီးသီးမှာလည်းရှိတယ်။ အဲဒါကို ကျမတို့ အမျိုး သမီးတွေချိတ်ဆက်သွားမယ်။

ပြီးတော့ ကျမတို့အမျိုး သမီးတွေအပေါ် အကြမ်းဖက်တာတွေပပျောက်ဖို့ ကျမတို့တွေ ပူးတွဲလုပ်ဆောင်ရနိုင်ဖို့ မျှော်လင့်ထားတာဖြစ်တယ်” ဟု ကေအိုင်စီသို့ ပြောသည်။

နီးနှောဖလှယ်ပွဲသို့ တက်ရောက်သူ ကရင်ရွာသူကြီးဟောင်း နန်းစန်းတင်က “ဒီပွဲမှာအမျိုးသမီးတွေက ရဲရဲ ရင့်ရင့်ပြောဆိုရဲကြတာ သူတို့ကိုတွေ့တော့ အားရှိတယ်။ နောင်တက်လာမယ့် အမျိုးသမီးတွေကိုလည်း ဒီလိုပွဲ မျိုးကို တက်စေချင်တယ်။ နိုင်ငံငြိမ်းချမ်းဖို့အတွက် ကျမတို့ အမျိုးသမီးတွေလုပ်ဆောင်နိုင်မှ ရမယ်ဆိုတာ အမျိုး သမီးတွေကို ပြောချင်ပါတယ်။” ဟု ကေအိုင်စီသို့ ပြောသည်။

ဒေသအသီးသီး၊ နယ်ပယ်အသီးသီးမှ ကရင်အမျိုးသမီးများပါဝင်သည့် ကရင်အမျိုးသမီးနီးနှောဖလှယ်ပွဲကို ပထမအကြိမ်အဖြစ် ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယနှင့် တတိယအကြိမ်ကို ၂၀၁၆ နှင့် ၂၀၁၈ ခုနှစ်တွင် လေးဝါး၌ ကျင်းပပြုလုပ်ခဲ့သည်။ http://kicnews.org/2019/10/%e1%80%85%e1%80%90%e1%80%af%e1%80%90%e1%81%

*************

၁၁။ **ကရင်အမျိုးသမီးရွာသူကြီးဟောင်းများ ဒုတိယအကြိမ် အတွေ့အကြုံဖလှယ်ပွဲပြုလုပ်ခဲ့**

October 30, 2019

ပဋိပက္ခကြားတွင် ကျေးရွာတာဝန်ထမ်းဆောင်ခဲ့သည့် အမျိုးသမီးရွာသူကြီးဟောင်းများအား ၎င်းတို့ အတွေ့ အကြုံများကို ပြန်လည်မျှဝေနိုင်ရန်အတွက် ကရင်အမျိုးသမီးအစည်းအရုံး -KWO မှ ဦးစီးပြီး ဒုတိယအကြိမ် အမျိုးသမီးရွာသူကြီးဟောင်းများ အတွေ့အကြုံဖလှယ်ပွဲတစ်ခုကို ပြီးခဲ့သည့် ရက်ပိုင်းက ကျင်းပပြုခဲ့ကြသည်။

ကရင်အမျိုးသမီးရွာသူကြီးဟောင်း ၄၀ ကျော်နှင့် KWO အဖွဲ့ဝင်အမျိုးသမီး ကိုယ်စားလှယ်များ ပါဝင်တက် ရောက်သည့် အဆိုပါတွေ့ဆုံဖလှယ်ပွဲကို အောက်တိုဘာလ ၂၇ ရက်နေ့က ကရင်အမျိုးသားအစည်းအရုံး -KNU နယ်မြေ ဖားအံခရိုင်၊ လေးဝါးတွင် ၁ ရက်တာ ကျင်းပပြုလုပ်ခဲ့ကြခြင်းလည်း ဖြစ်သည်။

ယခုလို တွေ့ဆုံပေးခြင်းသည် အမျိုးသမီးရွာသူကြီးဟောင်းများကို အသိအမှတ်ပြုရန်နှင့် အတွေ့အကြုံများကို ဖလှယ်ပေးရန်အတွက် တွေ့ဆုံပွဲပြုလုပ်ခြင်းဖြစ်သည်ဟု KWO ဗဟိုအလုပ်အမှုဆောင်မှ လူမှုရေးတာဝန်ခံ နော်ဒါးမုက ကေအိုင်စီသို့ ယခုလို ပြောသည်။

၎င်းက “ သူတို့တွေဟာ တကယ် လုပ်ဆောင်လာခဲ့တဲ့ အမျိုးသမီးတွေပါ။ ဦးဆောင်နိုင်တဲ့အရည်အချင်း၊ ပြီး တော့ ဖြတ်သန်းမှုတွေအများကြီးရှိတယ်။ သူတို့တွေကို ဒီလိုပဲပျောက်မသွားစေချင်ဘူး။ သူတို့တွေကိုပြန်စုပြီး အသိအမှတ်ပြုလုပ်ဆောင် သွားစေချင်တယ်။ ပြီးတော့ လူထုအတွက် အလုပ်လုပ်နိုင်စွမ်းရှိသေးတဲ့သူကိုလည်း ရပ်ရွာလူထုအထဲမှာနိုင်သလောက် ပြန်လုပ်စေချင်တယ်။ အဲဒါကြောင့် သူတို့ စိတ်အားထက်သန်မှုရှိလာအောင် ယခုလို တွေ့ဆုံပေးတာဖြစ်တယ် ” ဟု ပြောသည်။

ကရင်အမျိုးသမီးရွာသူကြီးဟောင်းတွေ့ဆုံဖလှယ်ပွဲကို ပြီးခဲ့သည့် ၂၀၁၈ခုနှစ်က KNU သထုံခရိုင် (တပ်မဟာ ၁) တွင် ပထမအကြိမ်ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ပြုလုပ်သည့် ယခုတွေ့ဆုံပွဲတွင် KNU ထိန်းချုပ်နယ်မြေဖြစ်သည့် ဒူးပလာယာ၊ ဖားအံ၊ ဖာပွန်၊ သထုံ နှင့် ညောင်လေးပင်ခရိုင်ရှိ အမျိုးသမီးရွာသူကြီးများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ http://kicnews.org/2019/10/%e1%80%80%e1%80%9b%e1%80%84%e1%80%b9%e1%80%

## ၁၂။ ဖမ်းဆီးထားသော မီးသတ်တပ်ဖွဲ့ဝင် ၁၉ဦးလုံးကို ပြန်လွှတ်ပေးမည်ဟု AA တရားဝင်ထုတ်ဖော်ပြောဆို

October 29, 2019

ရခိုင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (AA)က ဖမ်းဆီးခေါ်ဆောင်ထားသော မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦးကို မကြာမီ ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ၊ လက်ရှိချိန်တွင် နယ်မြေလုံခြုံရေးအခြေအနေအရ ပြန်လွှတ်ပေးနိုင်ခြင်းမရှိသေးကြောင်း AA ပြန်ကြားရေးတာဝန်ခံခိုင်သုခက ပြောဆိုသည်။

ဖမ်းဆီးခံထားရသော မီးသတ်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာလ ၁၁ ရက်နေ့က ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းတွင် အခြေခံမီးသတ်သင်တန်းတက်ရောက်ပြီး မန္တလေးက စစ်တွေသို့ ပြန်လာစဉ် မြောက်ဦးမြို့အရောက်တွင် အဖမ်းခံလိုက်ရခြင်းဖြစ်သည်။

"ကျွန်တော်တို့ ပြန်လွှတ်ပေးဖို့ ရှိပါတယ်။ နယ်မြေလုံခြုံရေးအခြေအနေတွေကြောင့် လတ်တလောပြန်မလွှတ်သေးတာပါ။ ဘယ်တော့လောက် ပြန်လွှတ်မလဲဆိုတာကိုတော့ အတိအကျပြောလို့မရဘူး။ သူတို့ကိုဖမ်းဆီးရတဲ့အကြောင်းအရင်းကတော့ သူတို့သွားတဲ့နယ်မြေမှာ တပ်မတော်နဲ့ ကျွန်တော်တို့ ထိပ်တိုက်တွေ့တာ တွေ့ရှိတယ်။ တပ်မတော်က ဒီလို မီးသတ်ဝတ်စုံတွေနဲ့ လှုပ်ရှားတာတွေ ရှိတယ်လို့ ကျွန်တော်တို့ သတင်းရတဲ့အတွက်ကြောင့် ဖမ်းဆီးစစ်ဆေးတာတွေပြုလုပ် တာပါ" ဟု ခိုင်သုခကဆိုသည်။

ရခိုင်ပြည်နယ်အတွင်း တပ်မတော်နှင့် AA တိုက်ပွဲများဖြစ်ပွားလျက်ရှိသောကြောင့် နှစ်ဖက်အဖွဲ့အစည်းကြား သတင်းပေးသူ၊ တပ်ဖွဲ့ဝင်ဟုစွပ်စွဲကာ အရပ်သားပြည်သူတချို့ကို ဖမ်းဆီးစစ်ဆေးမှုများရှိပြီး ထိုသို့ ဖမ်းဆီးထားချိန်အတွင်း သေဆုံးမှုများလည်း ရှိနေသည်။ https://www.khitthitnews.com/2019/10/%e1%80%96%e1%80%99%e1%80 %ba%e1%

**************

## ၁၃။ ကရင်နီလူငယ် ၆ ဦးကို နိုဝင်ဘာ ၇ရက်နေ့ တရားရုံးက အပြီးသတ်အမိန့်ချမှတ်မည်

October 29, 2019

နိုင်လွတ်လုံ ပုဒ်မ ၁၀ဖြင့် ကယားပြည်နယ်အစိုးရကတရားစွဲဆိုထားသော ကရင်နီလူငယ် ၆ ဦးကို ယနေ့ အောက်တိုဘာလ ၂၉ ရက်နေ့က လွိုင်ကော်မြို့နယ် တရားရုံးတွင်ရုံးထုတ်ခဲ့ပြီး လာမည့်နိုဝင်ဘာလ ၇ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း ကရင်နီပြည်လူငယ်များသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မမူအန်းဂျေလာက ပြောဆိုသည်။

အဆိုပါ လူငယ် ၆ ဦးသည် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထု စိုက်ထူးခြင်းကိစ္စနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ စီမံဘဏ္ဍာဝန်ကြီးတို့ကို နိုင်ငံရေးရာဇဝတ်ကောင်များ ကရင်နီအမျိုးသားသစ္စာဖောက်များ တိုင်းရင်းသားများသွေးစည်း ချစ်ကြည်ရေး၏ ရန်သူများ ကျေးဇူးကန်းသူများအဖြစ်သတ်မှတ်ကြေညာခြင်းနှင့် ပတ်သက်ပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

နိုင်လွတ်လုံ ပုဒ်မ ၁၀ သည် အမြင့်ဆုံး ထောင်ဒဏ် ၇ နှစ်မှ အနိမ့်ဆုံး ထောင်ဒဏ် ၃ နှစ်ထိ ချမှတ်နိုင်ပြီး ငွေဒဏ်အားဖြင့် ၁၀ သိန်းကျပ်ထိ ပေးဆောင်ရမည်(သို့မဟုတ်) ဒဏ်နှစ်ရပ်လုံးချမှတ်နိုင်ကောင်း ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ https://www.khitthitnews.com/2019/10/%e1%80%80%e1%80%9b%e1%80%84%e1%80%ba

************

## ၁၄။ မြန်မာစစ်တပ် တိုက်ခိုက်မှုကြောင့် KIO အထိမ်းအမှတ်နေ့ မကျင်းပရ

October, 27, 2019

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှစ်ပတ်လည် ကျင်းပရန် စီစဥ်ထားသည့် ရှမ်းပြည်မြောက်ပိုင်း ကျေးရွာ တစ်ရွာသို့ မြန်မာစစ်တပ် လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် အထိမ်းအမှတ်နေ့ မကျင်းပနိုင်ခဲ့ကြောင်း ရွာသားများ ဆိုပါသည်။ အောက်တိုဘာလ (၂၅)ရက်နေ့ ကျရောက်သော (၅၉)နှစ်ပြည့် KIO အထိမ်းအမှတ်နေ့ လူထုအစည်းအဝေး ကို နမ္မတူမြို့နယ် Bang Gaw ကျေးရွာတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တပ်မဟာ (၄) လက်အောက် တပ်ရင်း (၈)မှ ကျင်းပရန် စီစဥ်ထားခြင်းဖြစ်သည်။

"မြန်မာစစ်တပ်မှ လက်နက်ကြီးတွေ အရမ်းပစ်ခတ်တာကြောင့် မကျင်းပနိုင်ခဲ့ဘူး။ ရွာသားတွေ အားလုံး ထွက်ပြေးကြ ကုန်သွားလို့ပါ" ဟု ရှမ်းပြည်မြောက်ပိုင်း KIA သတင်းအရင်းမြစ် တစ်ခုက ကချင်သတင်းဌာန KNG ကို ပြောပါသည်။တပ်မတော် စစ်ကြောင်းများသည် အဆိုပါ ကျေးရွာသို့ အောက်တိုဘာ(၂၃)ရက်နေ့ တက်လာပြီး KIO အထိမ်းမှတ်နေ့ မတိုင်ခင် လက်နက်ကြီးများ ရွာထဲ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရွာသားများ ဆိုပါသည်။

ယခင် ကချင်ပြည်နယ်ခွဲ (Kachin Sub-state)ဟု ခေါ်သော ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့ တွင် ကချင်လွတ်လပ်ရေးအဖွဲ့ (Kachin Independence Organization) ကို ကချင် တက္ကသိုလ်ကျောင်းသားများမှ ၁၉၆၀ ခုနှစ် အောက်တိုဘာလ (၂၅)ရက်နေ့ ဖွဲ့စည်းခဲ့သည်။ မြန်မာအစိုးရနှင့် နှစ်ဦးနှစ်ဖက် အပစ်ရပ်သဘောတူ စာချုပ် ချုပ်ဆိုပြီး ကချင်စစ်ပြေးဒုက္ခသည်များ နေရပ်ပြန်ရေး အစီစဥ်ကို အလေးထားပြုလုပ်သွားနိုင်ရန် KIO ဗဟိုကော်မတီ ကြိုးပမ်းနေကြောင်း KIO ဥက္ကဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ (Gen. Nban La)၏ နှစ်ပတ်လည် မိန့်ခွန်းတွင် ပြောပါသည်။ https://burmese.kachinnews.com/2019/10/27/%e1%80%bb%e1%80%99%e1%80%94%e1%

************

## ၁၅။ (၁၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံသို့ သွားမည်

October, 30, 2019

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၁၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး တက်ရောက်ရန်အတွက် ထိုင်းနိုင်ငံသို့ မကြာမီ သွားရောက်မည် ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သိရသည်။

အဆိုပါခရီးစဉ်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)၏ ဖိတ်ကြားချက် အရ (၁၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့်ဆက်စပ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောက်တိုဘာ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ်_တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လေးနှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် မိန့်ခွန်းပြောကြားခြင်း ၊ KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်းများကို ပြုလုပ်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်ဝန်ကြီး Mr. David Stilwell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုလည်း အောက်တိုဘာလ ၂၉ ရက်နေ့ကနေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ သေးသည်။ http://www.mizzimaburmese.com/article/62186

*************

## ၁၆။ DKBA တပ်ရင်းမှူး လုပ်ကြံကာခံရမှု တရားခံကို စုံစမ်းနေဆဲဟုဆို

October, 31, 2019

ဒီမိုကရေစီအကျိုးပြုကရင့်တပ် (DKBA) မှတပ်ရင်းမှူးအဆင့်ရှိ ဒုတိယဗိုလ်မှူးကြီး စောဝေ့ထူး လုပ်ကြံ ခံခဲ့ရသည်မှာ တစ်လနီးပါးရှိသော်လည်း တရားခံကို ဖမ်းမိခြင်းမရှိသေးဘဲ စုံစမ်းနေဆဲသာ ဖြစ်သည်ဟု ကော့ဂရိတ်ဆက်ဆံရေးရုံးတာဝန်ခံ ဗိုလ်မှူးကြီး စောကျော်သန်းဌေးက မဇ္ဈိမသို့ပြောသည်။

ဒီမိုကရေစီအကျိုးပြုကရင့်တပ် (DKBA) တပ်ရင်း ၉၀၉ မှ အသက် ၄၉ နှစ်အရွယ် ဒု-ဗိုလ်မှူးကြီး စောဝေ့ထူးသည် အောက်တိုဘာလ ပထမအပတ်တွင် ၎င်း၏နေအိမ်၌ သေနတ်ဖြင့် လုပ်ကြံ သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။

"စုံစမ်းတုန်းပဲရှိသေးတယ်။ စုံစမ်းတာတော့ ပူးပေါင်းလုပ်ဆောင်တာတော့ အစိုးရဘက်ရော သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေရော လက်နက်ကိုင်အဖွဲ့အစည်းတွေရော အားလုံး ပူးပေါင်းပြီးလုပ်တာ" ဟု ဗိုလ်မှူးကြီး စောကျော်သန်းဌေး က ဆိုသည်။

အဆိုပါလုပ်ကြံမှုမှာ လူမှုရေးအရမကျေနပ်၍လုပ်ကြံခြင်းဖြစ်သည်ဟု ပြောဆိုချက်များနှင့်ပတ်သက်၍ ဗိုလ်မှူးကြီး စောကျော်သန်းဌေးက "ပုဂ္ဂိုလ်ရေးလား၊ လူမှုရေးလား အကျိုးစီးပွားရေးလား၊ အဖွဲ့အစည်း အရေးလား အဲ့တာတွေကတော့ သေချာတော့မပြောလို့ရမှာဖြစ်ပါတယ်" ဟု ဖြေဆိုသည်။

ဒီမိုကရေစီအကျိုးပြုကရင့်တပ် (DKBA)သည် ၂၀၁၅ ခုနှစ်အောက်တိုဘာလ ၁၅ ရက်တွင် အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ရေးထိုးထားသော အဖွဲ့လည်းဖြစ်သည်။ http://www.mizzimaburmese.com/article/62203

*************

## ၁၇။ NCA လေးနှစ်ပြည့်အခမ်းအနား RCSS မတက်ရောက်နိုင်ခြင်းအပေါ် KNU ခေါင်းဆောင် ဝမ်းနည်းကြောင်းပြော

October, 28, 2019

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးခြင်း ၄ နှစ်ပြည့် နှစ်ပတ်လည် အခမ်း အနားသို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS အဖွဲ့ တက်ရောက်နိုင်ခြင်းမရှိသည့်အပေါ် လွန်စွာစိတ်မကောင်း ဖြစ်ရပါကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖို့က မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ သည်။

"ဤအခမ်းအနားသို့ NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတို့မှ စုံစုံလင်လင် တက်ရောက်ကြမည်ဟု မျှော်လင့်ထားကြသော်လည်း အခြေအနေအကြောင်း အမျိုးမျိုးတို့ကြောင့် သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS အဖွဲ့တက်ရောက်လာနိုင်ခြင်းမရှိသည့်အပေါ် လွန်စွာမှ စိတ်မကောင်းဖြစ်မိပါတယ်" ဟု KNU ဥက္ကဋ္ဌက မိန့်ခွန်းအစပိုင်းတွင် ထည့်သွင်းပြောကြားခြင်း ဖြစ်သည်။

အဆိုပါ NCA လက်မှတ်ရေးထိုးခြင်း ၄ နှစ်ပြည့်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဒုတိယသမ္မတများ၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အစိုးရထိပ်တန်းခေါင်းဆောင်များ၊ လွှတ်တော်အကြီး အကဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စစ်ဘက်တာဝန်ရှိသူများ၊ နိုင်ငံခြားသံတမန်များ တက်ရောက်ခဲ့ကြပြီး NCA NCA-S EAO ခေါင်းဆောင်များဖြစ်ကြသော KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ မွန်ပြည်သစ်ပါတီ NMSP ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ၊ ပအိုဝ်းအမျိုးသားလွတ်မြောက် ရေးအဖွဲ့ချုပ် PNLO နာယက ခွန်ဥက္ကာ၊ ရခိုင်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ချင်းအမျိုးသားတပ်ဦး CNF ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် DKBA ဥက္ကဋ္ဌ စောမိုရေး၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)(KNU/KNLA-PC) အတွင်းရေးမှူး ဒေါက်တာနော်ကပေါ်ထူး၊ စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF ဥက္ကဋ္ဌ ဦးသံခဲ၊ လားဟူ ဒီမိုကရက်တစ် အစည်း အရုံး LDU ဥက္ကဋ္ဌ ကြာခွန်ဆာ တို့ ဦးဆောင်၍ ၎င်းအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့်အတူ စုစုပေါင်း တက်ရောက်သူ ၆၀၀ ဦးခန့်ရှိကြောင်း သိရသည်။ http://burmese.monnews.org/2019/10/28/nca-%e1%80%9c%e1%80%b1%e1%80%b8%e1%80%94%e1%80%be%e1%80%85%e1%80%

************

## ၁၈။ မွန်ပြည်သစ်ပါတီနှင့် KNU ပူးပေါင်း၍ လူထုရှင်းလင်းပွဲကျင်းပ

October, 29, 2019

မွန်နှင့် ကရင်ဒေသခံများ ငြိမ်းချမ်းစွာအတူအကွယှဉ်တွဲနေထိုင်ရေး သဘောတူညီချက်များကို မွန်ပြည်သစ်ပါတီ NMSP နှင့် ကရင်အမျိုးသားအစည်းအရုံး KNU နှစ်ဖက်တပ်မှူးများပူးပေါင်း၍ ပစ်ခတ်မှုဖြစ်ပေါ်ခဲ့သော ဒေသရှိလူထုထံ အသိပေး ရှင်းလင်းပွဲများ နေရာ ၂ ခုတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း NMSP-KNU နှစ်ဖက် ခေါင်းဆောင်များ သဘောတူညီချက်အရ အောက်တိုဘာ ၂၈ ရက်နေ့တွင် ဗလဲ့ဒွန်ဖိုက် (မွန်ရွာ)နှင့် ၂၉ ရက်နေ့တွင် ထီးဝါးဒို့ (ကရင်ရွာ) သို့ နှစ်ဖက်တပ်မှ တာဝန်ရှိသူများ သွားရောက်ပြီး ရွာသားများကို ရှင်းလင်းတင်ပြခဲ့သည်ဟု မွန်ပြည်သစ်ပါတီနှင့် KNU တာဝန်ရှိသူများက မွန်သတင်းအေဂျင်စီသို့ ပြောသည်။

KNU ဝင်းရေးမြို့နယ် ဥက္ကဋ္ဌ ပဒိုစောမောင်ရွှေက "အခု ကျနော်တို့ သွားပြီးရှင်းပြတာက သမိုင်းကြောင်းတွေပေါ့ ဘာကြောင့် လက်နက်ကိုင်တော်လှန်ရေးလုပ်ရသလဲ တော်လှန်ရေးလုပ်တဲ့နေရာမှာ အောင်ပွဲရသည်အထိ စည်းလုံးညီညွတ်ဖို့ မဟာ လူမျိုးကြီး ဝါဒနဲ့ စစ်အာဏာရှင်စနစ်ဆိုတဲ့ ပစ်မှတ်ကို မချော်ဖို့ပေါ့ ဘဝတူ ဖိနှိပ်ခံလူမျိုးတွေက ကျွန်တော်တို့ရဲ့မဟာမိတ်ပေါ့ အဲဒါတွေ ကျွန်တော်တို့ ရှင်းပြတယ်၊ အောက်ခြေရဲဘော်နဲ့ ပြည်သူလူထုတွေက နိုင်ငံရေးအမြင်အားနည်းတဲ့အခါကျတော့ ပဋိပက္ခဖြစ်အောင်ပြောကြ၊ မခံချင်စိတ်နိုးဆွအောင် ပြောဆိုတတ်ကြတယ်" ဟု ဆိုသည်။

မွန်ပြည်သစ်ပါတီ ဘုရားသုံးဆူမြို့နယ် ဥက္ကဋ္ဌ နိုင်အာကာက “ နှစ်ဖက်စကားပြောဆို ဆွေးနွေးပြီးပြီ၊ အခြေအနေအေးချမ်းသွားပီဖြစ်တဲ့အတွက် ထီးဝါးဒို့ရွာကော ဗလဲ့ဒွန်ဖိုက်ရွာကော တိုက်ပွဲကြောင့် နေအိမ်စွန့်ထွက်ပြေးသွားတဲ့ ရွာသားတွေပြန်လာကြဖို့ နှစ်ဖက်တာဝန်ရှိတဲ့သူတွေက ဒေသခံပြည်သူလူထုတွေကို သွားရောက်ရှင်းပြခဲ့တယ်” ဟု ဆိုသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရေးမြို့နယ်နှင့် ဘုရားသုံးဆူဒေသ၌ KNU နှင့် NMSP အောက်ခြေတပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှု ၄ ကြိမ်ဖြစ်ပွားခဲ့ရာတွင် ရွာသားတစ်ဦးအပါအဝင် နှစ်ဖက်တပ်ဖွဲ့ဝင် ၂ ဦးစီ ထိခိုက်ကျဆုံးမှုများ ရှိခဲ့သည်။ http://burmese.monnews.org/2019/10/29/%e1%80%99%e1%80%bd%e1%80

**************

## ၁၉။ ရေးမြို့အနောက်ခြမ်း ဖာလိန်ဒေသတွင် မဂဒူးအဖွဲ့က မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဆောင်ရွက်

October, 29, 2019

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျစေရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများ သိရှိနားလည်နိုင်စေရေးအတွက် ရေးမြို့အခြေစိုက် မဂဒူးမွန်ဒေသဖွံ့ဖြိုးရေးအဖွဲ့ MACDO-Mon Area Community Development Organization မှ ရေးမြို့နယ်အနောက်ခြမ်း ဖာလိန်ဒေသတွင်ရှိသော အထက်တန်းကျောင်းများ၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒူးယားနှင့် အံဒင်ကျေးရွာ အထက်တန်းကျောင်းများရှိ ၉ တန်းနှင့် ၁၀ တန်းကျောင်းသားကျောင်းသူလေးများအား အောက်တိုဘာလ ၂၆ ရက်နေ့တွင် မူးယစ်ဆေးဝါးအန္တရာယ်အကောင်း သွားရောက် ဟောပြောခြင်းဖြစ်သည်။

“မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအန္တရာယ်တွေဖြစ်နိုင်တယ်ဆိုတာရယ်၊ မူးယစ်ဆေးဝါက ဘယ်ကနေ စတင်ဖြစ်ပေါ်လာတယ်ဆိုတာရယ်၊ ဘယ်ပုံဘယ်နည်းနဲ့ ပျံ့နှံ့နေတယ်ဆိုတာရယ်၊ သုံးစွဲမိရင် ဘယ်လိုဆိုးကျိုးတွေ ဖြစ်နိုင်တယ်ဆိုတာရယ်၊ ဥပဒေကလည်း ဘယ်လိုတားမြစ်ပြီး ဘယ်လိုပြစ်ဒဏ်တွေ ပေးတယ်ဆိုတာရယ် စတာတွေကို ရှင်းပြပေးဖြစ်ပါတယ် ” ဟု မဂဒူးအသင်း၏ မူးယစ်တိုက်ဖျက်ရေးကဏ္ဍမှ နိုင်ရေှထောက ပြောသည်။

ရေးမြို့နယ်အတွင်းရှိ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းမြင့်မားနေသည့်အတွက် ဒေသခံများအနေဖြင့် ၎င်းတို့အနေဖြင့် ဉယျာဉ်ခြံများသို့ သတိ၊ စိုးရိမ်စိတ်များဖြင့် သွားလာနေရသလို ခြံမသွားရဲသူများလည်းရှိသည်ဟု မဂဒူး မွန်ဒေသဖွံ့ဖြိုးရေးအဖွဲ့၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ နိုင်ဇွဲဟန်က ပြောသည်။

ရေးမြို့နယ်အတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်းပမာဏကို ၂၀၁၃ ခုနှစ်က မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM ကွင်းဆင်း၍ စစ်တမ်းကောက်ယူခဲ့ရာ လူငယ်များအတွင်း ၃၈% ခန့်ရှိခဲ့ရာမှ၊ ၂၀၁၇ ခုနှစ်တွင် တိုးတက်သော မွန်လူငယ်များအစည်းအရုံး MYPO စစ်တမ်း၌ ၇၃ % နီးပါးအထိ များပြားလာကောင်း ၎င်းတို့၏အစီရင်ခံစာများက ဖော်ပြသည်။ http://burmese.monnews.org/2019/10/30/%e1%80%9b%e1%80%b1%e1%80%b8%e1%80

*************

## ၂၀။ တပ်မတော်ထိုးစစ်ရပ်ပေးဖို့ မြောက်ပိုင်းမဟာမိတ် သုံးဖွဲ့ တောင်းဆို

October, 29, 2019

တပ်မတော်က ကိုးကန့်၊ တအာင်း၊ ရခိုင်ဒေသတွေမှာ ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်တာတွေဟာ တွေ့ဆုံဆွေးနွေးပွဲ တွေကို နောက်ပြန်ဆုတ်စေပြီး ရပြီးသားယုံကြည်မှုတွေကိုလည်း ထိခိုက်စေနိုင်တာကြောင့် ထိုးစစ်အမြန်ရပ်တန့်ဖို့ ညီနောင်မဟာမိတ် ၃ ဖွဲ့က ဒီကနေ့ တောင်းဆိုလိုက်ပါတယ်။

တပ်မတော်က အရပ်သား ပြည်သူတွေရှိတဲ့နေရာတွေကိုလည်း လက်နက်ကြီး၊ လက်နက်ငယ်၊ ရဟတ်ယာဉ်တွေ အသုံးပြုပြီး နေ့ညမရွေး တိုက်ခိုက်နေတယ်လို့ MNDAA, TNLA, AA သုံးဖွဲ့ရဲ့ ပူးတွဲကြေညာချက်မှာ စွပ်စွဲဖော်ပြ ထားပါတယ်။

အပစ်အခတ်ရပ်စဲရေးစာချုပ်မှာ လက်မှတ်ထိုးနိုင်ရေးအတွက် ဒီသုံးဖွဲ့က ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အပစ် ရပ်ကြောင်း ကြေညာခဲ့တဲ့ အခြေအနေမှာ ထိုးစစ်ဆင်ခံနေရလို့ တိုက်ပွဲတွေ ဖြစ်ပွားနေရတာလို့ ကြေညာချက်က ဆိုပါတယ်။

ညီနောင်သုံးဖွဲ့ရဲ့ ဒီကနေ့ ထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီး တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့။ အတွင်းရေးမှူး၊ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ နယ်မြေတိုးချဲ့တာ အင်အားတိုးချဲ့တာ ပြည်သူ လူထုအပေါ် နှိပ်စက်တာတွေမရှိရင် တိုက်ပွဲတွေဖြစ်လာဖို့ မရှိဘူးလို့ အပစ်ရပ်လက်မှတ်ရေးထိုးနိုင်ဖို့ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်တယ်၊ လက်မှတ်ထိုးနိုင်ခြင်းရှိမရှိဟာ ဆွေးနွေးတဲ့အချိန်မှာ ဆွေးနွေးတဲ့အကြောင်း အရာပေါ် မူတည်တယ်လို့ သူက ဆက်ပြောပါတယ်။ https://www.rfa.org/burmese/news/tnla-mndaa-aa-want-ceasefire-10292019084441.html

*************

## ၂၁။ ရခိုင်မြို့နယ် လေးခုမှာ တိုက်ပွဲပြင်းထန်၊ ဒေသခံတွေ ထွက်ပြေးနေရ

October, 29, 2019

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာအနီးမှာ တပ်မတော်နဲ့ ရခိုင့်တပ်တော် AA တို့ မနေ့ ညနေပိုင်း ကတည်းက ဖြစ်ပွားတဲ့ တိုက်ပွဲဟာ ဒီကနေ့မနက်ပိုင်းအထိ ရပ်နားခြင်း မရှိသေးဘူးလို့ အနောက်ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး ဝင်းဇော်ဦး က ပြောပါတယ်။

ရွာအနီး တောင်ကုန်းမှာ အခြေပြုထားတဲ့ တပ်မတော်လက်နက်ကြီးစခန်းကို AA က လက်နက်ကြီးတွေနဲ့ အဝေးကနေ ပစ်နေတယ်လို့ ဗိုလ်မှူးကြီး ဝင်းဇော်ဦး က ပြောပါတယ်။

"အောက်တိုဘာလ ၂၇ ရက်နေ့မှာ မင်းပြားမြို့နယ် ပန်းမြောင်းရွာရဲ့ အရှေ့မြောက်ဘက် ပွိုင့် ၂၀၃ တောင်ကုန်းမှာ အခြေပြုထားတဲ့ မြန်မာစစ်တပ်ရဲ့ လက်နက်ကြီးစခန်းကို ရခိုင့်တပ်တော်က စီးနင်း တိုက်ခိုက်ခဲ့တာရှိတယ်" ပန်းမြောင်းရွာနဲ့ ရွှေကျင်ကျေးရွာအနီးက တောင်တန်းတွေပေါ်မှာ တိုက်ပွဲဖြစ်နေကြတာ အောက်တိုဘာလ ၂၇ ရက်နေ့ကတည်းက ဖြစ်ပွားနေ တာဖြစ်ပြီး ကျေးရွာကနေ အသံတွေကြားနေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လတုန်းကလည်း ပန်းမြောင်းရွာအနီးမှာ တပ်မတော်နဲ့ AA တို့ တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါသေးတယ်။ အဲဒီတုန်းက ရွာထဲ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၅ နှစ်နဲ့ ၇ နှစ်အရွယ် ကလေး နှစ်ဦး၊ ၁၆ နှစ်အရွယ် တက္ကသိုလ်ဝင်တန်း ကျောင်းသူတစ်ဦးတို့ သေဆုံးသွားခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ တစ်နှစ်နီးပါးကြာမြင့်ပြီးဖြစ်တဲ့ တိုက်ပွဲတွေကြောင့် ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဒေသခံ ခုနစ်သောင်းကျော်ရှိနေပြီဖို့ အရပ်ဖက်အဖွဲ့စာရင်းတွေအရသိရပြီး တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေတဲ့အတွက် စာရင်းထပ်မံတိုးမြင့်လာဖို့ ရှိနေပါတယ်။ https://www.rfa.org/burmese/news/minbya-attack-in-rakhine-1029201903 2809.html

************

## ၂၂။ ၁၉၄၇ ပင်လုံနဲ့ ၂၁ ရာစု ပင်လုံ ကွာခြားတယ်လို့ တပ်ချုပ်ပြော

October, 8, 2019

ဒီနေ့ နေပြည်တော်မှာ ကျင်းပတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး NCA စာချုပ် လေးနှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အဖွင့်မိန့်ခွန်းမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗိုလ်ချုပ်အောင်ဆန်း လက်ထက် ပင်လုံညီလာခံဟာ လွတ်လပ ရေးရပြီးနောက် ပြည်ထောင်စု တည်ဆောက်မယ့် နိုင်ငံရေးကို ဦးတည်ဆွေးနွေးတာဖြစ်ပြီး ၂၁ ရာစုပင်လုံကတော့ ငြိမ်းချမ်း ရေးကို ဦးတည်ဆွေးနွေးတာဖြစ်တယ်လို့ ပြောပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖက်ဒရယ်စနစ်ကို လိုရာဆွဲ အဓိပ္ပာယ် ဖွင့်နေကြတာတွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ် တပ်မတော်ရဲ့ သဘောထားတွေကိုလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဖက်ဒရယ်ကို အကောင်အထည်ဖော်ရာမှာ မဖြစ်နိုင်တဲ့ နိုင်ငံရဲ့ အခြေအနေနဲ့ မကိုက်ညီတဲ့ ဖြစ်လိုတဲ့ ဆန္ဒတစ်ခုတည်းအပေါ် အာရုံစိုက်ဆောင်ရွက်မနေပဲ လက်ရှိအခြေအနေနဲ့ ကိုက်ညီတဲ့ ဖြစ်နိုင်ခြေအပေါ် အာရုံစိုက်ရင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ထိရောက်မြန်ဆန်မယ်လို့လည်း ဆိုပါတယ်။

ဒီနေ့ အခမ်းအနားအပြီးမှာ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနဲ့ နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ သီးခြားစီ ဆွေးနွေးမယ်လို့ သိရပါတယ်။ ကျန်တဲ့အဖွဲ့တွေကလည်း အဲဒီလို တွေ့ဆုံဖို့ တင်ပြထားပြီး တွေ့ဆုံဖို့ရှိ မရှိ မသိရသေးပါဘူး။

အလားတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်ထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး JICM အစည်းအဝေးကိုလည်း လေးနှစ်ပြည့် အခမ်းအနားအပြီးမှာ ကျင်းပဖို့ စီစဉ်ထားပေမယ့် အဖွဲ့တွေ မစုံလင်တဲ့အတွက် မကျင်းပနိုင်တော့ပါဘူး။ https://www.rfa.org/burmese/news/nca-4th-anniversary-10282019092512.html

## ၂၃။ AA ပြန်လွှတ်ပေးတဲ့ ရေယာဉ်ပေါ်က ဝန်ထမ်းတွေကို ရဲက စစ်ဆေးနေ

October, 29, 2019

ဘူးသီးတောင်မြို့နယ်မှာ ရွှေနဒီ ရုပ်ပြေးရေယာဉ်ပေါ်က ရဲနဲ့ တပ်မတော်သားတချို့ကို ရက္ခိုင့်တပ်တော် AA က ဖမ်းဆီး ခေါ်ဆောင်သွားတဲ့ ဖြစ်ရပ်အပြီးမှာ ရေယာဉ်လိုင်းတာဝန်ခံ အပါအဝင် ဝန်ထမ်းရှစ်ဦးကို နယ်ခြားစောင့်ရဲတပ်ဖွဲ့က ဖမ်းဆီး စစ်ဆေးနေတယ်လို့ ဘူးသီးတောင် လွှတ်တော်ကိုယ်စားလှယ်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင်တချို့ရဲ့ ပြောဆိုချက်အရ သိရပါတယ်။

တပ်မတော်သား၊ ရဲနဲ့ အခြားဝန်ထမ်း ၅၀ ကျော် လိုက်ပါလာတဲ့ အောက်တိုဘာ ၂၆ ရက်နေ့ ခရီးစဉ်ကို AA က မေယုမြစ် လမ်းခုလတ်မှာ ရပ်တန့်စေတဲ့ဖြစ်ရပ်နဲ့ ပတ်သက်ပြီး စစ်ဆေးအရေးယူခံနေရတာဖြစ်တယ်လို့ ရေယာဉ် ဝန်ထမ်းတွေက ရှင်းပြကြောင်း NLD ပါတီ ဘူးသီးတောင် ဥက္ကဋ္ဌ ဦးရဲသိန်း က ပြောပြပါတယ်။

တပ်မတော်သား၊ ရဲနဲ့ အခြားဝန်ထမ်းတွေကို AA ဖမ်းဆီးတဲ့ဖြစ်စဉ်နဲ့ ပတ်သတ်ပြီး ယာဉ်လုပ်သားတွေကို မေးမြန်းတဲ့ အခါမှာ AA တပ်ဖွဲ့ဝင်တွေက ၄က်ပျောဖူးနဲ့တူတဲ့ လက်နက်ကြီး RPG နဲ့ ချိန်ထားကြောင်း၊ စက်လှေပေါ်မှာ သေနတ် ကိုင်ထားတဲ့ AA တပ်ဖွဲ့ဝင် သုံးဦးလည်း ပါကြောင်းနဲ့ ကမ်းကပ်ဖို့ သေနတ်အချက် ၂၀ ဝန်းကျင် ပစ်ဖောက်ခေါ်ယူ ခဲ့ခြင်းဖြစ်ကြောင်း ဦးရဲသိန်းက ပြန်ပြောင်းပြောပြပါတယ်။

ရခိုင်ပြည်နယ်လွှတ်တော် ဘူးသီးတောင်မြို့နယ် လွှတ်တော်အမတ် ဦးထွန်းအောင်သိန်းကလည်း ရွှေနဒီယာဉ် လိုင်းပိုင်ရှင် ဦးရွှေသိန်းအပါအဝင်၊ ယာဉ်လုပ်သား ခုနစ်ဦးဟာ ဖမ်းဆီးစစ်ဆေးခံနေရတာရှိတယ်လို့ RFA ကို ပြောပါတယ်။ လတ်တလောမှာ သံသယနဲ့ ဖမ်းထားတာဖြစ်ပြီး ပုဒ်မ အမျိုးအစား တပ်ထားခြင်းမရှိသေးဘူးလို့ သူက ပြောပါတယ်။

စုံစမ်းစစ်ဆေးမှုတွေလုပ်နေပြီး ဥပဒေနဲ့ ငြိစွန်းမှုမရှိရင် ပြန်လွှတ်ပေးသွားမယ်လို့ တပ်မတော်သတင်းမှန်ပြန် ကြားရေးအဖွဲ့က ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောပါတယ်။ https://www.rfa.org/burmese/news/police-investigate-staff-from-boat-10292019085044.html

*************

## ၂၄။ ကျပ်သိန်းပေါင်း ၁၃၀၀ ကျော် ထိန်းချုပ်ဓာတု သျှမ်းမြောက် တွင် ထပ်မံ ဖမ်းမိ၊ တရားခံ စုံစမ်းဆဲ

October 28, 2019

သျှမ်းပြည်နယ် မြောက်ပိုင်းတွင် ကျပ်သိန်း ၁၃၀၀ ကျော် ထိန်းချုပ် ဓာတု ပစ္စည်းများထပ်မံ သိမ်းဆည်းရမိပြီး တရားခံများ စုံစမ်းနေဆဲ ဟု သတင်းရရှိသည်။

သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် နမ့်တွန်းကျေးရွာတွင် အောက်တိုဘာ ၂၆ ရက် ည ၆နာရီခွဲ ၌ ကျပ်သိန်း ၁၃၀၀ ကျော် တန်ဖိုးရှိထိန်းချုပ် ဓာတုပစ္စည်းများ သိမ်းဆည်းရမိကြောင်း မူးယစ်ရဲတပ်ဖွဲ့ ထုတ်ပြန်ချက်အရ သိရသည်။

မူဆယ်-လားရှိုးကားလမ်းပေါ်တွင် ရပ်တန့်ထားသည့် CANTER အမျိုးအစား ၆ ဘီးမော်တော်ယာဉ်ကို မသင်္ကာသဖြင့် မူးယစ်ရဲတပ်ဖွဲ့မှ သားရောက် စစ်ဆေးရာ ထိန်းချုပ် ဓာတုပစ္စည်းများဖြစ်သည့် တော်လူအင်း ၃၆၀၀ လီတာ (ဒေသ ကာလပေါက်ဈေးကျပ်ငွေ ၄၅၀) သိန်း၊1 Phenyl 2 Propanone ၃၀၀ လီတာ(ဒေသကာလပေါက်ဈေး ကျပ်ငွေ ၁၈၀ သိန်း)၊ စက္ကူဂျုပ်ဖာအတွင်း ပလတ်စတစ် အိတ်ဖြင့်ထည့်ထားသည့် ကဖင်းအလေးချိန် ၉၇၅ ကီလို(ဒေသကာလပေါက်ဈေးကျပ်ငွေ ၇၃၁ သိန်း)တို့ကို သိမ်းဆည်းရမိကြောင်းသိရသည်။

ထို ထိန်းချုပ် ဓာတု ပစ္စည်းများသည် မူးယစ်ဆေးဝါး များချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများဖြစ်ကြောင်း၊ ထို ဓာတု ပစ္စည်းများသည် များသောအားဖြင့် တရုတ်နိုင်ငံမှ တင်သွင်းလာကြောင်းလည်း သိရသည်။ https://burmese.shannews.org/archives/14429

***************

## ၂၅။ ရှာငံမြို့နယ် ဘုရားဖူး လိုက်ထရပ် ကားချောက်ထဲကျ ၁၆ ဦး သေဆုံး၊ ၁၀ ဦး ဒဏ်ရာရ

October 29, 2019

သျှမ်းပြည် တောင်ပိုင်း ရှာငံမြို့နယ် အတွင်း ယမန် ည ၈နာရီ ဝန်းကျင်တွင် ဘုရားဖူး လိုက်ထရပ် ကားတစီး တိမ်းမှောက်ကာ ခရီးသည် ၁၆ ဦး သေဆုံးခဲ့ကြောင်း စုံစမ်းသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် ည ၈နာရီဝန်းကျင်တွင် ရှာငံမြို့နယ် ယုန်တောင်ကျေးရွာနှင့် စခန်းကြီး ကျေးရွာ ကြား ပေ ၂၀၀၀ အနက်ခန့်ရှိ ချောက်ထဲသို့ ဘုရားဖူး လိုက်ထရပ် ကားတစီး ကျသွားပြီး ခရီးသည် ၁၆ ဦး သေဆုံးကာ၊ ၁၀ ဦး ဒဏ်ရာရရှိကြောင်း တောင်ကြီးမြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ် က သျှမ်းသံတော်ဆင့် သို့ ပြောသည်။

" မနက် က ၈ နာရီ ဝန်းကျင်လောက်ဖြစ်တယ်။ သေဆုံးသူ ၁၆ဦး၊ သေဆုံးတဲ့ထဲ ရဟန်း ၁ ပါးပါတယ်။ ဒဏ်ရာရသူက ၁၀ ဦးပါ။ ဒဏ်ရာပြင်းထန်တဲ့သူ ၂ ဦးကိုတော့ မန္တလေးဆေးရုံပို့လိုက်တယ်။ ၈ ဦးကတော့ ရှာငံပြည်သူ့ဆေးရုံမှာပါ" ဟု ဦးဇော်မင်းလတ် က ဆိုသည်။

" အဲ့လမ်းက လက်ရှိမှာ ချဲ့ထားပါတယ်။ လိုက်ထရပ် ကား က ကုန်တင်ဖို့ ထုတ်ထားတာ။ ခရီးသည် ကားမဟုတ်ဘူး။ လိုက်ထရပ်ကားကို ခရီးသည် တင်ကားမသုံးတာ ကောင်းပါတယ်" ဟုလည်း ဦးဇော်မင်းလတ် က ဖြည့်စွက်ပြောသည်။ https://burmese.shannews.org/archives/14439

**************

## ၂၆။ တီကျစ် အများပြည်သူနေရာ တွင် ဓာတ်ပုံရိုက်သည့် သတင်းထောက်များ နှင့် MATA အဖွဲ့များ ပိုင်းဝန်းပိတ်ဆို့ခံရ

October 29, 2019

သျှမ်းပြည် တောင်ပိုင်း ပင်လောင်းမြို့နယ် တီကျစ်ရှိ အများပြည်သူပိုင် ဘုရားကုန်းနေရာ တွင် ဓာတ်ပုံ သွားရိုက်သည့် MATA အဖွဲ့နှင့် သတင်းထောက်များကို ဒေင် ကုမ္ပဏီ ဝန်ထမ်း ၅၀ ကျော်က လာရောက် ပိတ်ဆို့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ယနေ့ (အောက်တိုဘာ ၂၉ ) ညနေ ၄ နာရီ ကျော်က MATA အဖွဲ့ဝင်များ ၊ သျှမ်းသံတော်ဆင့်သတင်းဌာန သတင်းထောက်များ၊ ဖရီးလန့်စ်သတင်းထောက်တချို့ စုစုပေါင်း ၇ ယောက် တီကျစ်မြို့ ဘုရားကုန်းပေါ်မှ မြို့တွင်းသို့ ဓါတ်ပုံလှမ်းရိုက်ရာ ထိုအနီးရှိ ကျောက်မီးသွေး စီမံကိန်းမှ ဒေင်ကုမ္ပဏီ ဝန်ထမ်း ၅၀ ကျော်က ၎င်းတို့အား ပိုင်းပိတ်ထားကြောင်း MATA အဖွဲ့ ကိုယ်စားလှယ် ကိုအောင်ကျော်မိုး က သျှမ်းသံတော်ဆင့် သို့ ပြောသည်။

ဒေင် ကျောက်မီးသွေး ကုမ္ပဏီ ဝန်ထမ်းများ ပိတ်ဆို့ထားသည့်ဖြစ်စဉ်အတွင်း ပါဝင်သည့် သျှမ်းသံတော်ဆင့် ရုပ်သံ အယ်ဒီတာ စိုင်းမျိုး က " ကျနော်တို့ ကားနောက်ကို သူတို့ကားနဲ့ ပိတ်ထားတယ်။ သူတို့ကား က ၃ စီးရှိတယ်။ ကျနော်တို့ ဓာတ်ပုံ ရိုက်ဖို့လာကြတာ။ ကျနော်တို့ဓာတ်ပုံရိုက်ချိန်မှာပဲသူတို့လာပြီး ပိတ်ဆို့ဝိုင်းတာပါ။ ဓာတ်ပုံကို ပြန်ဖျက်ခိုင်းတာတော့ မရှိပါဘူး" ဟု ပြောသည်။

မြန်မာ နိုင်ငံတွင် ကျောက်မီးသွေး လျှပ်စစ်ထုတ် စက်ရုံ (၃) ရုံ အနက် တီကျစ် ကျောက်မီးသွေး သုံး လျှပ်စစ်ရုံသည်အကြီးဆုံး နှင့် ပထမဦးဆုံး လည်ပတ်သည့် စက်ရုံဖြစ်သည်။ https://burmese.shannews.org/archives/14449

***************

## ၂၈။ ဂူတာပြင်ဖြစ်စဉ် စစ်ခုံရုံးနဲ့စီရင်ဖို့ စုံစမ်းရေးအဖွဲ့တင်ပြ

October, 31, 2019

ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ဂူတာပြင်ကျေးရွာ ဖြစ်စဉ်နဲ့ ပတ်သက်လို့ စစ်တရားရုံးနဲ့ စစ်ဆေး စီရင်နိုင်ရေး စတင်ဆောင်ရွက်လျက်ရှိတယ်ဆိုပြီး တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီးတော့ အောက်တိုဘာလ ၂၉ ရက်နေ့ သတင်းစဉ် သတင်းတပုဒ်မှာ ဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့မတ်လက ဖွဲ့စည်းခဲ့တဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးက သူတို့ရဲ့ တွေ့ရှိချက်တွေကို အခြေခံပြီး စစ်တရားရုံးနဲ့ စစ်ဆေးစီရင်ဖို့ ယူဆချက်ပေးခဲ့တာဖြစ်တယ် လို့ ဖော်ပြထားတာပါ။

ဂူတာပြင်ကျေးရွာဖြစ်စဉ်လို့ သတင်းထဲမှာ ဖော်ပြထားပေမယ့် ဘာဖြစ်စဉ်ဆိုတာကိုတော့ အတိအကျ ပြောမထားပါဘူး။ ဂူတာပြင်ကျေးရွာနားမှာ လူသေအလောင်း ရာနဲ့ချီပြီးတော့ အစုလိုက်မြှုပ်နှံထားတယ်၊ ဒီလူတွေဟာ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့တာဖြစ်ပြီး ဘယ်သူဘယ်ဝါဆိုတာ မမှတ်မိအောင် မျက်နှာတွေကို အက်ဆစ်နဲ့ လောင်းထားတာ၊ သေနတ်နဲ့ ပစ်ခတ်ဖျက်ဆီးထားတာတွေ ရှိတယ်လို့ မျက်မြင်သက်သေတွေ၊ ဖြုတ်တုကရိုက်ယူထားတဲ့ ဓာတ်ပုံတွေကို ကိုးကား ပြီး AP သတင်းဌာနရဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ သတင်းတပုဒ်မှာ ဖော်ပြခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၉ ခုနှစ် မတ်လမှာမှ တပ်မတော်ဘက်က တပ်မတော်အက်ဥပဒေ၊ နည်းဥပဒေတွေအရ ဗိုလ်ချုပ်မြတ်ကျော် ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးခဲ့တာဖြစ်ပါတယ်။ https://burmese.voanews.com/a/rohingya-gutapyin-myanmar-military-court-martial/5146199.html

****************

## ၂၉။ ကွတ်ခိုင်တွင် ကျောင်းထိုင်ဆရာတော် ၁ ပါး ရိုက်နှက်စစ်ဆေးခံရ

31 October 2019

ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ ပန်ကူကျေးရွာအုပ်စု၊ လွယ်ကန်ကျေးရွာက ကျောင်းထိုင်ဆရာတော်တပါးကို တပ်မတော်စစ်ကြောင်းတခုက စစ်ဆေးရိုက်နှက်ခဲ့တယ်လို့ အရိုက်ခံရတဲ့ ဆရာတော်က မိန့်ပါတယ်။

ခလရ ၄၅ တပ်ခွဲ ၂ က တပ်ဖွဲ့ဝင်တွေဟာ အောက်တိုဘာ ၂၈ ရက်မနက်က လွယ်ကန်ကျောင်းတိုက်ကို ရောက်ရှိလာပြီး ကျောင်းတိုက်မှာ တီအန်အယ်လ်အေ ဝတ်စုံ ၁ စုံ၊ စကားပြောစက် ၃ လုံးတွေ့ရှိတာနဲ့ ပတ်သက်လို့ ကျောင်းထိုင်ကိုယ်တော်ကို နည်းမျိုးစုံနဲ့ ရိုက်နှက်စစ်ဆေးခဲ့တာလို့ ဆရာတော် ဦးဝဏ္ဏိတက ဒီဗွီဘီကို မိန့်ပါတယ်။

"သူတို့က သတင်းရထားတယ်လို့ ပြောတယ်။ ပြီးခဲ့တဲ့ သောကြာနေ့က လူ ၈ ယောက် ဆိုင်ကယ် ၆ စီးနဲ့ ကျောင်းပေါ်ကို လာပို့တယ်လို့ပြောတယ်။ သူတို့လာရှာတော့ ဘာပစ္စည်းမှ မတွေ့ဘူး။ ယူနီဖောင်းနဲ့ စကားပြောစက် ၃ လုံးဘဲတွေ့တယ်။ ယူနီဖောင်းက ဘယ်သူ့ဟာလဲဆို ဦးဇင်းတို့ကလည်း မသိဘူးလို့၊ ၈ ရက်နေ့က ကျောင်းတိုက်မှာ ပဌာန်းပွဲ ရှိတယ်လေ။ လူတွေလည်း အများကြီးလာကြတော့ ဘယ်သူလာမေ့သွားလဲ မသိဘူး။ ပြီးတော့ စကားပြောစက်လဲ အပျက်ကြီးသုံးမရဘူး။ သူတို့လာရှာတဲ့ချိန် ဦးဇင်းက ကျောင်းမှာမရှိဘူး။ ဟိုပင်ရွာက ဒကာတွေပင့်လို့ ထွက်သွားတာ၊ စစ်ကြောင်းကတော့ မနက် ၆ နာရီကတည်းက လာရှာတယ်။ ဦးဇင်းက ၉ နာရီ ပြန်လာတော့ ကျောင်းပေါ်တောင် မတက်ရသေးဘူး။ တောင်ခြေကို ခေါ်သွားပြီး မေးတယ်။ ၁၀ နာ ရီကျော်လောက်မှ ကျောင်းပေါ်ပြန်တက်လာတယ်။" ကျောင်းပေါ်ရောက်တော့ တပ်ဖွဲ့ဝင်တွေက အမျိုးသမီးဝတ်စုံကိုလည်း တွေ့ကြောင်း၊ အဆိုပါ ဝတ်စုံမှာ သေဆုံးသူရှိက ပလောင်ထုံးစံအရ သူတို့ဝတ်စုံကို ဘုန်းကြီး

ကျောင်းမှာ လာလှူရကြောင်းရှင်းပြပေမယ့် မယုံကြည်ဘဲ ဦးဇင်းမှာ မိန်းမလည်းရှိတယ်လို့ စွပ်စွဲပြီး အမျိုးမျိုး နှိပ်စက်စစ်ဆေးခဲ့တယ်လို့ ဆရာတော်က ဆက်ပြောပါတယ်။

"လောလောဆယ် ဦးဇင်းတို့ ဥက္ကဋ္ဌဆရာတော်က ဆေးဖိုးဝါးခကူညီဖို့ ပြောထားပြီး အစည်းအဝေး ပြန်ထိုင်မယ်။ သူ့အတွက် တရားမျှတမှုရှိအောင် ဆောင်ရွက်သွားဖို့ပေါ့။ ဘုန်းကြီးကျောင်းဆိုတာ ဘယ်အဖွဲ့ပဲလာလာ လက်ခံရတာဘဲလေ။ သူတို့ ဘာပစ္စည်းတွေ မေ့ထားခဲ့လဲဆိုတာ အကုန်မမှသိနိုင်ပဲ။" လွယ်ကန်မိန်းစေတီကျောင်းတိုက်မှာ ဆရာတော်အပြင် ကိုယ်ရင်ကြီး ၂ ပါး သီလရှင် ၁ ပါး ကိုယ်ရင်ငယ် ၇ ပါး သီတင်းသုံးနေပါတယ်။ အဆိုပါဖြစ်စဉ်နဲ့ ပတ်သက်ပြီး တပ်မတော်ဘက်ကိုတော့ ဆက်သွယ် မေးမြန်း စုံစမ်းလို့ မရသေးပါဘူး။ http://burmese.dvb.no/archives/354459

## ၃၀။ ဘားအံမှ ရေများ အမည်းရောင်ပြောင်းမှု စစ်တပ်ပိုင် ဘိလပ်မြေစက်ရုံမှ ကျောက်မီးသွေးကြောင့် ဖြစ်နိုင်ဟု စစ်ဆေးချက်ရလဒ်များ ထွက်ပေါ်လာ

ကရင်ပြည်နယ်၊ ဘားအံမြို့၊ သံလွင်မြစ် အနောက်ဘက်ခြမ်း တန် ၄၀၀၀ ဘိလပ်မြေစက်ရုံအနီး ကျေးရွာများတွင် အင်းရေနှင့် တွင်းရေများ အရောင်ပြောင်းလဲမှုသည် ရွာအနီး တန် ၄၀၀၀ ကျ ဘိလပ်မြေစက်ရုံမှ ကျောက်မီးသွေးကြောင့် ဖြစ်နိုင်သည်ဆိုသော စစ်ဆေးချက် ရလဒ်များ ထွက်ပေါ်လာသည်။

ကရင်ပြည်နယ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက နတ်ကုန်းကျေးရွာ၊ ရေတွင်းကုန်ကျေးရွာ၊ ကော့ပတိုင်ကျေးရွာ အနီးရှိ အင်းရေနှင့် တွင်းရေများကို စစ်ဆေးခဲ့ရာ တွင်းရေများ၏ pH ရလဒ်သည် သတ်မှတ်စံနှုန်းဖြစ်သည့် ၆ ဒသမ ၅ မှ ၈ ဒသမ ၅ အောက် အနည်းငယ်လျော့နည်းနေကြောင်း၊ ၄က်ပျောတောအင်း၊ ရေတွင်းကုန်းရွာ၊ တောင်ခြေအင်း၊ နတ်ကုန်းကျေးရွာနှင့် ရေတွင်းကုန်းရွာကြားရှိ အင်းတို့တွင် သံဓာတ် ပမာဏများပြားနေကြောင်း၊ ရေအရောင်ပြောင်းသည့်နေရာများအနီးတွင် တန် ၉၀၀ နှင့် တန် ၄၀၀၀ ဘိလပ်မြေစက်ရုံများအတွက် ကုန်ကြမ်းများကို နေ့စဉ် ကျောက်မိုင်းခွဲ အသုံးပြုရာမှ သံဓာတ်များ၊ မဂ္ဂနိစ်များသည် အင်းအိုင်တွင်းများရှိ ရေကြောများတွင် ပါရှိနိုင်ကာ ရေ အရောင်ပြောင်းလဲခြင်းလည်း ဖြစ်နိုင်ကြောင်း ကရင်ပြည်နယ်အစိုးရထံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက အောက်တိုဘာလ ၂၂ ရက်နေ့ တင်ပြထားသည့် စာတွင် ဖော်ပြထားသည်။

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC က အောက်တိုဘာလ ၂၇ ရက်နေ့ နေ့စွဲဖြင့် ကြေညာချက် တစ်ရပ်ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်တွင် ဘိလပ်မြေစက်ရုံအတွင်းရှိ ရေတွင်း၊ ရေကန်များကို ရေနမူနာယူကာ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတွင် စမ်းသပ်ဓာတ်ခွဲခဲ့ရာ ကျောက်မီးသွေးစွမ်းအင်ကြောင့် ရေကန်များသို့ အကျိုးသက်ရောက်မှုမရှိကြောင်း၊ ရေကန်သည် နှစ်ကာလကြာမြင့်သဖြင့် နန်းမြေများခြင်းကြောင့် ရေအရောင် အနည်းငယ်ပြောင်းလဲခြင်းဖြစ်ကြောင်း၊ သောက်သုံးရန် သင့်တော်ကြောင်း၊ ငါးများသေသည်ဆိုသော ရေအိုင်အားစစ်ဆေးခဲ့ရာ ဒေသငါးများမဟုတ်ဘဲ အခြားနေရာမှငါးများကိုသာ လာရောက်စွန့်ပစ်ထားကြောင်းနှင့် ရေနမူနာအတွင်း ငါးများထည့်၍ စမ်းသပ်ကြည့်ရာ သေဆုံးမှုမရှိကြောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ လာရောက်စစ်ဆေးခြင်း၊ ရေနမူနာဓာတ်ခွဲစမ်းသပ်ခြင်း၊ ကိုယ်တိုင်သောက်သုံးခြင်းများ ဆောင်ရွက်ခဲ့ရာ ရေနမူနာမှာ PH ၆ ဒသမ ၉ ရှိပြီးသောက်သုံးနိုင်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း ဖော်ပြထားသည်။ https://www.khitthitnews.com/2019/10/%e1%80%98%e1%80%ac%e1%80%b8%e1%80%a1%

## ၃၁။ နိုင်ငံရေးပါတီများအပေါ် လူထုယုံကြည်မှုကျဆင်းလာကြောင်း PACE အဖွဲ့ စစ်တမ်းဖော်ပြ

October, 31, 2019

လွန်ခဲ့သော ၃ နှစ်နှင့်နှိုင်းယှဉ်ပါက နိုင်ငံရေးပါတီများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကျဆင်းလာကြောင်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections) ၏ ယခုနှစ်တွင် ကောက်ယူထားသော "၂၀၂၀ ခုနှစ်အတွက် နိုင်ငံသားများ၏ နိုင်ငံရေးမျှော်မှန်းချက်" စစ်တမ်းအရ သိရသည်။

PACE အဖွဲ့မှ ၂၀၁၆ ခုနှစ်တွင် ကောက်ယူထားသော စစ်တမ်းတွင် နိုင်ငံရေးပါတီများအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ၅၄ ရာခိုင်နှုန်းရှိခဲ့ရာ ယခုနှစ်တွင် ၃၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်ဟု ၂၀၁၉ ခုနှစ် မတ်လတွင် ကောက်ယူထားသောအဆိုပါစစ်တမ်း၌ ဖော်ပြထားသည်။ "ဒီစစ်တမ်းဟာ ၂၀၂၀ နိုင်ငံရေးအခင်းအကျင်းအတွက် ပြင်ဆင်နိုင်အောင်လုပ်တဲ့ စစ်တမ်းဖြစ်တယ် ဒီစစ်တမ်းရဲ့ တွေ့ရှိချက်တွေဟာ နိုင်ငံရေးပါတီတွေအတွက် အရေးကြီးတဲ့ အနေအထားဖြစ်တယ်။ နိုင်ငံရေးမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အချိန်မှာ ပြည်သူလူထုနဲ့ နိုင်ငံရေးပါတီ တွေကြား မှာ

မူဝါဒပိုင်းတွေပေါ်မှာ အခြေခံတဲ့ အပေးအယူမျိုးတွေကို ကျွန်တော်တို့ အားပေးတယ် ဒါမှသာလျှင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဒီမိုကရေစီဖွံ့ဖြိုးမှုဟာ အားကောင်းမယ်လို့ ယူဆတယ်" ဟု ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှု အဖွဲ့ ၏ စီမံကိန်းအစီအစဉ်မန်နေဂျာ ဦးဟန်စိုးထွန်းကပြောသည်။

ယခုစစ်တမ်းသည် PACE အဖွဲ့၏ ၅ ခုမြောက်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိ ရပ်ကွက်နှင့်ကျေးရွာ ၅၁၁ ခုမှ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၃၀၀၀ နီးပါးကို မေးမြန်းခဲ့ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်ဒေသများကိုမူ စစ်တမ်းကောက်ယူခွင့်မရခဲ့ကြောင်း၊ ယင်းစစ်တမ်းတွေ့ရှိချက်အစီရင်ခံစာ ထုတ်ပြန်သည့်အခမ်းအနားကို မော်လမြိုင်မြို့တွင် အောက်တိုဘာ ၂၈ ရက်နေ့က ကျင်းပခဲ့သည်။ http://burmese.monnews.org/2019/10/31/%e1%80%94%e1%80%ad%e1%80%af%e1%80%84

***************

## ၃၂။ နှစ်မကုန်ခင် မြောက်ပိုင်း ၄ ဖွဲ့နှင့် အပစ်ရပ်စာချုပ် လက်မှတ်ထိုးနိုင်ရေး အစိုးရ မျှော်လင့်

October, ၃၁, 2019

ကချင်လွတ်လပ်ရေး တပ်မတော် (KIA) ဦးဆောင်သည့် မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့နှင့် ငြိမ်းချမ်းရေး ကော်မရှင် (PC) တို့ကြား ပဏာမ အပစ်အခတ် ရပ်စဲရေး စာချုပ်(Bilateral) ချုပ်ဆိုနိုင်ရန် အစိုးရအနေဖြင့် မျှော်လင့်ကြောင်း PC ၏ အကြံပေး ဦးလှမောင်ရွှေက ဧရာဝတီသို့ ပြောသည်။

မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့မှာ ကချင်လွတ်လပ်ရေး တပ်မတော် (KIA)၊ ပလောင် (တအန်း)အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ် တပ်မတော် – ကိုးကန့်တပ်ဖွဲ့ (MNDAA)နှင့် ရက္ခိုင် စစ်တပ် (AA) တို့ ဖြစ်ကြသည်။

ဦးလှမောင်ရွှေက "မြောက်ပိုင်းလေးဖွဲ့နဲ့တော့ နိုဝင်ဘာ၊ ဒီဇင်ဘာလထဲမှာ ပဏာမ အပစ်အခတ် ရပ်စဲရေး လက်မှတ် ထိုးနိုင်ဖို့တော့ မျှော်လင့်တာပေါ့" ဟု ဆိုသည်။

ကချင် လွတ်လပ်ရေးကောင်စီ (KIC) ၏ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ် ဂွန်မော်က "Bilateral ထိုးပြီးလို့ ရှိရင်တော့ စစ်ဘေးရှောင် (IDP) ကိစ္စကို ပထမ ဦးစားပေးပြီး ဖြေရှင်းဖို့ကြိုးစားနေကြတယ်။ လက်မှတ်ထိုးဖို့ ကျနော်တို့ ကြိုးစားနေတာ ကြာနေပြီ" ဟု ဆိုသည်။

KIO သည် TNLA ၊ MNDAA နှင့် AA တို့နှင့် အတူ မြောက်ပိုင်းမဟာမိတ် အဖြစ် ဖွဲ့စည်းထားပြီး အစိုးရနှင့် အပစ်ရပ် လက် မှတ်ထိုးလျှင်လည်း အတူတကွ ရေးထိုးမည်ဟု ပြောဆိုထားသည်။

မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့နှင့် အစိုးရကြား ၂၀၁၉ ခုနှစ်အတွင်း ၃ ကြိမ် တွေ့ဆုံခဲ့ပြီး နောက်ဆုံး တွေ့ဆုံခဲ့သည့် ကျိုင်းတုံ ဆွေးနွေးပွဲ၌ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (Bilateral Ceasefire Agreement) လက်မှတ်ရေးထိုးရေးနှင့် လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများ လုံးဝ ချုပ်ငြိမ်းသွားစေရန် အပါအဝင် အချက် ၇ ချက် သဘောတူထား ကြောင်း သိရသည်။ https://burma.irrawaddy.com/news/2019/10/31/207450.html

မှတ်ချက်။ သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးထံမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

**** ပြီး ****